## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-13-0



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၆ / ၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၅၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ )

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား | ၇ |
| ၂။ | စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း | ၁၃ |
| ၃။ | ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လိပ်ပြာပြတိုက်ပြသထားရှိမှုကို ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား | ၁၉ |
| ၄။ | ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများကိုလေ့လာကြည့်ရှုစဉ် ပြောကြားသည့် အမှာစကား | ၂၀ |
| ၅။ | တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း | ၂၆ |
| ၆။ | ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား | ၃၂ |
| ၇။ | ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၃၅ |
| ၈။ | ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား | ၃၉ |
| ၉။ | တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၄၄ |
| ၁၀။ | အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား | ၄၈ |
| ၁၁။ | တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း | ၅၀ |

၁၂။ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ၅၅
ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား
၁၃။ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ၆၀
နှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း
၁၄။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ ၆၃
အခမ်းအနားတွင် ပြောကြားသည့် အမှာစကား
၁၅။ ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ခရစ္စမတ် ၆၉
နှုတ်ခွန်းဆက်စကား ပြောကြားသည့် ခရစ္စမတ်နှုတ်ခွန်းဆက်စကား
၁၆။ (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ၇၃
ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

**သဝဏ်လွှာများ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ၇၈
ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
(၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

## ၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

## ၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား

( ၄ - ၁၂ - ၂၀၂၃ )




ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)ကို ဒီဇင်ဘာလ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**မိုးရာသီစိုက်ပျိုးမှုအပြီး စိုက်ပျိုးမြေများတွင် သီးထပ်စွမ်းအားများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးရာသီစိုက်ပျိုးမှုများပြီးဆုံး၍ အချို့မှာ ရိတ်သိမ်းမှုများဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်လုပ်ခဲ့သည့် အကျိုးကျေးဇူးအဖြစ် သီးနှံထွက်ရှိမှုများ တိုးတက်ခဲ့သော်လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း၊ ယခုမြေအစိုဓာတ်မကုန်သေးမီ ဆောင်းရာသီကာလစိုက်ပျိုးရာ၌လည်း ဆီထွက်သီးနှံများ၊ ပြောင်းစသည့်သီးနှံများ၏ စိုက်ပျိုးမှု သီးထွက်စွမ်းအားများ တိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်လုပ်ပါက အလုပ်လုပ်သည့်အားလျော်စွာ အကျိုးခံစားရမည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ရေး တွန်းအားပေးရန်နှင့် ပံ့ပိုးပေးရန်လိုကြောင်း။

**နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးရေး တိုးတက်အောင်ဆောင်ရွက်**

ရာသီသီးနှံအပြင် နှစ်ရှည်သီးနှံများစိုက်ပျိုးရာတွင် မိမိတို့နိုင်ငံ၌ ကော်ဖီနှင့် ရော်ဘာများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် လွန်ခဲ့သည့်နှစ်များမှစ၍ ကော်ဖီစိုက်ပျိုးမှုနှင့် ရော်ဘာစိုက်ပျိုးမှုများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း၊

နစ်နာမှုရှိနေသည့် ကော်ဖီလုပ်ငန်းများ ပြန်လည်ရှင်သန်စေရေး ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာပြီဖြစ်ကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်က ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုပေးခဲ့သည့် စိုက်ပျိုးမြေ၏ ထက်ဝက်ခန့်ကိုသာ ကော်ဖီများစိုက်ပျိုးနိုင်သေးသည်ကိုတွေ့ရကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုဒေသ၊ ရွှာငံဒေသနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ဒေသတို့တွင် ကော်ဖီဇုန်များသတ်မှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ချင်းပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီး၊ သံတောင်ကြီးဒေသ၊ ပအိုဝ်းဒေသတို့တွင်လည်း ကော်ဖီစိုက်ပျိုးမှုများကို ဆောင်ရွက်ကြကြောင်း။

ကော်ဖီစိုက်ပျိုးမှုတွင် မိမိတို့နိုင်ငံထက် စိုက်ပျိုးမြေနည်းပါးသည့် ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအရင်းအနှီးငွေကြေး စိုက်ထုတ်နိုင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံသင့်သည်ဟုမြင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချထားပေးသည့် အချို့မြေနေရာများပေါ်တွင် ယခုအချိန်အထိ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါမြေများအား ရောင်းဝယ်မှုများကို စနစ်တကျဖြင့် စိစစ်သွားရန်နှင့် စိုက်ပျိုးခြင်း မပြုသည့်မြေများကို ပယ်ဖျက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို သတ်မှတ်ထားသည့်အတိုင်း တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက လာမည့်ငါးနှစ်တာကာလအတွင်း ကော်ဖီထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးဧက ၂၇၉၀၀ ထပ်မံတိုးချဲ့ စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ကော်ဖီပျိုးပင်များကိုလည်း ကြိုတင်စိုက်ပျိုးထားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထိုသို့ တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက စုစုပေါင်း စိုက်ဧက သုံးသိန်းရှိမည်ဖြစ်သဖြင့် နောင်ငါးနှစ်မှ ခုနစ်နှစ်အတွင်း အဆိုပါ အသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ မျိုးကောင်းသည့် ကော်ဖီများ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ရိုဘက်စတာကော်ဖီမျိုးများကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နောင်ကာလများတွင် ဒေသအလိုက် ကော်ဖီများ စိုက်ပျိုးနိုင်ရေး ရေရှည်အတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးဧက ၁ သန်း ၆ သိန်းကျော်ရှိကြောင်း၊ ရော်ဘာထုတ်ကုန်သည်လည်း သေချာသည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်ပြီး အဆင့်ရှိသည့် ကုန်ကြမ်းများကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရော်ဘာစိုက်ပျိုးရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံ၏ဘဏ်များ၌ ငွေကြေးပိုင်ဆိုင်မှု စာရင်းများအရ ပုဂ္ဂလိကပိုင်ဆိုင်မှု များပြားကြောင်း၊ ၎င်းပိုင်ဆိုင်မှုများကို နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးများစွာရှိကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံနိုင်ရေး အားပေးခြင်း၊ အခွင့်အလမ်းရှာဖွေပေးခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် အခွန်ငွေများ အပြည့်အဝရရှိရေး**

ပြီးခဲ့သည့်ကာလများအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အခွန်ရရှိမှုများ တိုးတက်လာကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ငွေများကိုမှုတည်၍ အသုံးပြုရခြင်းဖြစ်သည့်အတွက် အခွန်အခများရရှိရေး လိုအပ်ကြောင်း၊ အခွန်အခများကောက်ယူရာတွင် အခွန်အားတိုးမြှင့်ကောက်ခံခြင်း (Tax rate တိုးမြှင့်ခြင်း) မပြုလုပ်ဘဲ ယခင်ရှိပြီးအခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင်ကောက်ခံခြင်း (Tax Space တိုးချဲ့ခြင်း) များကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံခြားငွေနှင့်ပတ်သက်၍ မိမိတို့ စတင်တာဝန်ယူချိန်မှစပြီး နိုင်ငံရေးကို အကြောင်းပြကာ ချေးငွေများနှင့် ထောက်ပံ့မှုများအားလုံး ရပ်ဆိုင်းသွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် အချို့သောမိတ်ဆွေနိုင်ငံများအနေဖြင့်

ပြန်လည်ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ အခက်အခဲများ ဖြစ်ပေါ်စေရန်နှင့် ဘဏ်စနစ်ကိုထိခိုက်စေရန်အတွက် မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export) တိုးမြှင့်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်

စီးပွားရေးလုပ်ရာတွင်လည်း အကျိုးအမြတ်အတွက်ရှိသကဲ့သို့ နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်ကြရန်မှာကြားလို၊ အဓိကလိုအပ်သည်မှာ ကုန်ထုတ်လုပ်မှုကို အားပေးရန်ဖြစ်၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် တာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို သိရှိရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လို၊ မိမိတို့အနေဖြင့် အရည်အသွေးပိုင်းနှင့် ထုပ်ပိုးမှုအပိုင်းတို့တွင် အားနည်းချက်များရှိပြီး လိုအပ်သည့် နည်းပညာများကို ဖြည့်ဆည်းပေးနိုင်ရန်လို။

ရွက်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တိုက်ရိုက်ငွေပေးချေမှုများကို ဆောင်ရွက်ခဲ့ရာ အကျိုးဖြစ်ထွန်းမှုရှိသည်ကို တွေ့ရကြောင်း၊ Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်စေရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် အကျိုးအမြတ်များ နည်းပါးသော်လည်း ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများအားလုံး လည်ပတ်စေရေး တာဝန်ရှိသူများအနေဖြင့် တိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ ပြည်ပပို့ကုန်များနှင့်ပတ်သက်၍ ဝင်ငွေအပေါ် သင့်လျော်သည့် အချိုးများဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့၍ ပြည်တွင်း၌ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းများကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် မသမာသူများက စားသုံးဆီဈေးများကြီးမြင့်အောင် ဆောင်ရွက်ခဲ့မှုကြောင့် ပြည်သူများအတွက် ထိခိုက်မှုများရှိခဲ့ကြောင်း၊ ပြည်သူများအတွက် ကိုယ်ချင်းစာစိတ်ရှိရန်လိုကြောင်း၊ ထို့ကြောင့် အဆိုပါမသမာမှုများ လုပ်ဆောင်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ယခုအချိန်တွင် Export လုပ်ကိုင်သူများက အနစ်နာခံ၍ ဆောင်ရွက်နေသော်လည်း Import သမားများကသာ အကျိုးခံစားနေရသည်ဆိုသည့် တင်ပြချက်များရှိကြောင်း၊ အဆိုပါကိစ္စရပ်များကိုလည်း တတ်နိုင်သမျှဖြေလျှော့ပေးရန် ကြိုးပမ်းနေကြောင်း၊ Non –Trade Income များ ပိုမိုရရှိအောင် ကြိုးပမ်းနိုင်မည်ဆိုပါက ကုန်သွယ်မှုအပေါ် မှီခိုမှုကို လျှော့ချနိုင်မည်ဖြစ်၍ တတ်နိုင်သမျှကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကုန်ထုတ်လုပ်မှုအားနည်းချက်မှာ သွင်းအားစုများ ဈေးကြီးမြင့်ခြင်းကြောင့်ဟု အချို့က သုံးသပ်ကြသော်လည်း အဓိကအားဖြင့် အကျိုးအမြတ်ရရှိမှုအပေါ်မူတည်၍ ကုန်ထုတ်လုပ်ငန်းအပေါ် စိတ်ဝင်စားမှုအားနည်းသည်ကို တွေ့ရကြောင်း၊ အကျိုးအမြတ်နည်းသော်လည်း များများထုတ်လုပ်၊ များများလည်ပတ်နိုင်ပါက အကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ စိုက်ပျိုးမွေးမြူရေးအတွက် အဓိကသွင်းကုန်ဖြစ်သည့်

ခေတ်မြေသြဇာနှင့် အခြားလိုအပ်ချက်များ လွယ်ကူစွာ တင်သွင်းနိုင်ရေး ရော်ဘာလုပ်ငန်းရှင်များအား ပို့ကုန်ရငွေ၏ ၇၀ ရာခိုင်နှုန်းကို သုံးစွဲခွင့်ပေးထားကြောင်း၊ အခြားအဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ဆန်၊ ပြောင်း၊ ပဲနှင့် ထွက်ကုန်များ ပြည်ပသို့တင်ပို့မှု (Export)ကိုလည်း ၎င်းအတိုင်း ဖြေလျှော့မှုပေးနိုင်ရေး လျာထားဆောင်ရွက်သကဲ့သို့ ၎င်းရငွေမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေး ဆောင်ရွက်၍ စီးပွားရေးမြှင့်တင်ရမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ရာတွင်လည်း အကျိုးအမြတ်အတွက် ရှိသကဲ့သို့ နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အဓိကလိုအပ်သည်မှာ ကုန်ထုတ်လုပ်မှုကို အားပေးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက်ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များအောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် တာဝန်ရှိသူများအနေဖြင့် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သူများ၏ အမှန်တကယ် လိုအပ်ချက်များကို သိရှိရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရည်အသွေးပိုင်းနှင့် ထုပ်ပိုးမှုအပိုင်းတို့တွင် အားနည်းချက်များရှိပြီး လိုအပ်သည့် နည်းပညာများကို ဖြည့်ဆည်းပေးနိုင်ရန်လိုကြောင်း၊ အရည်အသွေးပိုင်း ကောင်းမွန်ပြီး ဆွဲဆောင်မှုရှိမှသာလျှင် ဈေးကွက်ဝင်ရောင်းကုန်ပစ္စည်းများ ဖြစ်လာမည်ဖြစ်သဖြင့် အသေးစိတ် စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**သဘာဝထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လို**

အလားတူ သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကိုလည်း အားပေးကြရန်လိုပြီး ပြည်တွင်း၌သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝထွက်ပစ္စည်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ပစ္စည်းများကို အခြေခံသည့် အသုံးအဆောင်ပစ္စည်းများ များစွာရှိသည့်အတွက် ဒေသတစ်ခုတည်း ဈေးကွက်မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို ချီးကျူးအသိအမှတ်ပြု**

ပြီးခဲ့သည့်သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလအတွင်း အဖျက်အမှောင့်လုပ်ရပ်များ မည်သို့ပင်ရှိနေသည်ဖြစ်သော်လည်း ပြည်သူလူထုတို့ စိတ်အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်လုပ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် အလုပ်လုပ်နိုင်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများရရှိရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက် ပညာရေးကို အားပေးရမည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများအားလုံး အေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရန်လိုကြောင်း၊ အခြေခံပညာနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်သည့် နယ်မြေများမှလွဲ၍ ကျန်နယ်မြေများတွင် ရာနှုန်းပြည့် ကျောင်းတက်ရောက်လျက်ရှိပြီး ပညာရေးဆုံးခန်းတိုင်သည်အထိ သင်ကြားနိုင်ရေး ဆရာ၊ ဆရာမများအပြင် သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အလားတူ အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများကြောင့် အချို့တက္ကသိုလ်များပိတ်ခဲ့ရကြောင်း၊ အခက်အခဲများကြားမှ သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကို ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း မိမိအနေဖြင့် ချီးကျူးအသိအမှတ်ပြုပါကြောင်း၊ ဒေသဆိုင်ရာအစိုးရများ၊ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအကျိုးအတွက် ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်း

များ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်နှင့် ပတ်သက်၍လည်း နယ်မြေဒေသအလိုက် ဆောင်ရွက်ကြရန်လိုပြီး ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ဒေသအလိုက် လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

**ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိ၊ အကြမ်းဖက်သမားများအနေဖြင့် ဒေသနှင့် ဒေသခံများ ခံစားရမည့် အကျိုးဆက်ကို ကိုယ်ချင်းစာဆောင်ရွက်ရန်လို**

ရခိုင်ပြည်နယ်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးသည်လည်း ခက်ခဲကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှ ယခုတိုင်အောင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကြောင့် ယခုအချိန်တွင် ရခိုင်ပြည်နယ်သည် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သော တိုးတက်နေသည့် အခြေအနေကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်မှာ ဒေသတွင်း၌ရှိသည့် AA လက်နက်ကိုင်အဖွဲ့အစည်းသာလျှင်ဖြစ်ကြောင်း၊ ရခိုင်ဒေသသည် သဘာဝဘေးအန္တရာယ်ကိုလည်း မကြာခဏခံစားရလျက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မကြာခဏ ဆောင်ရွက်ပေးနေရကြောင်း၊ ထို့ပြင် ဘင်္ဂါလီအရေးအခင်းကိုလည်း ကြုံတွေ့ခဲ့ရကြောင်း၊ ယခုထပ်မံ၍ AA လက်နက်ကိုင်အဖွဲ့အနေဖြင့် မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝဒေသတို့တွင် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖန်တီးလျက်ရှိကြောင်း၊ ထိုကဲ့သို့ဒေသတွင်း၌ ပဋိပက္ခများဖြစ်ပေါ်နေခြင်း၏ ဆိုးကျိုးကို ဒေသခံများကသာ ခံစားရမည်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးခဲ့သည့် လမ်း၊ တံတား၊ အဆောက်အအုံများ၊ ရှေးဟောင်းအမွေအနှစ်များသည် အဖျက်အမှောင့်လုပ်ရပ်များကြောင့် တစ်ခဏတာအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန်အတွက် များစွာအချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့်အချိန်တွင်လည်း ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တပ်မတော်နှင့် နိုင်ငံတော်မှ ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပြီး ယခုပွင့်လင်းရာသီတွင် ဒေသခံများ ပြန်လည်အလုပ်လုပ်နိုင်ရေး မိုးတွင်းကာလအတွင်း၌ပင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အရာရှိကြီးများကို မြို့နယ်တစ်ခုချင်းစီအလိုက် တာဝန်ပေး၍ ခြောက်လခန့်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး ယခုပွင့်လင်းရာသီတွင် အလုပ်လုပ်နိုင်မှသာလျှင် ၎င်းနယ်မြေများသည် ပြန်လည်နာလန်ထူလာနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင်အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများကို ဒေသခံများအနေဖြင့် ထပ်မံခံစားကြုံတွေ့နေရကြောင်း၊ မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်တွင် အကြမ်းဖက်လုပ်ရပ်

> **ယခုဖြစ်ပေါ်နေသည့် လက်နက်ကိုင် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ဒေသခံများအနေဖြင့် ထပ်မံခံစားကြုံတွေ့နေရ၊ မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်တွင် အကြမ်းဖက် လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည် တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်ပြီး ငွေကြေးများသုံးစွဲနေရ။**

များကြောင့် ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်သာ အချိန်ကုန်ပြီး ငွေကြေးများသုံးစွဲနေရကြောင်း၊ အလားတူ ကယား ပြည်နယ်၊ **လွိုင်ကော်ဒေသတွင် ယခင်နှစ်ကလည်း KNPP နှင့် KNDF အကြမ်းဖက်အဖွဲ့များကြောင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အခြေအနေများ ပြန်လည်တည်ငြိမ်ခဲ့ချိန်တွင် ပြည်သူများအနေဖြင့် ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ၎င်းတို့၏ ချွေးနဲ့စာဖြင့် ဆောင်ရွက်ခဲ့**ကြကြောင်း၊ **ယခုအခါ KNPP အဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ နေအိမ်အဆောက် အအုံများစွာ ပျက်စီးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း များဆောင်ရွက်ရန် အလွန်ပင်ခက်ခဲသွားပြီဖြစ်**ကြောင်း၊ **လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဆက်လက်၍ မိုက် တွင်းနက်နေမည်ဆိုပါက မိုက်တွင်းနက်သည့် ဒဏ်ကို ဒေသရှိပြည်သူများကသာ ခံစားရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **မြေစာပင်ဖြစ်နေသည့် ပြည်သူကို ကိုယ်ချင်း စာရန်နှင့် ဆက်လက်၍ မမိုက်မဲကြဘဲ နိုင်ငံရေးနည်း လမ်းအရ ဖြေရှင်းရန်လိုမည်ဖြစ်**ကြောင်း။

ထို့ကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို ကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ လျှောက် လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တွင် ၎င်းတို့တောင်းဆိုနေသည့် အချက်များအားလုံးပါဝင်ပြီးဖြစ်ပြီး ပြည်ထောင်စုကြီး လုံးဝပြိုကွဲ၍ရမည် မဟုတ်ကြောင်း၊ ဒို့တာဝန်အရေးသုံး ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါအမျိုးသားရေး လုပ်ငန်း သုံးရပ်ကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင် မာမာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံ မည်မဟုတ်ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်လာပါက ဖြစ်ပေါ်လာ သည့် အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံ များကသာ ခံစားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့်ပဋိပက္ခများကြောင့် စီးပွားရေးအရလည်း ထိခိုက်မှုရှိပြီး ခရီးသွားလုပ်ငန်း၌ များစွာထိခိုက်နစ်နာမှုရှိကြောင်း၊ နိုင်ငံရေးအရ၊ လုံခြုံရေး အရ တည်ငြိမ်အေးချမ်းမှသာလျှင် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများအနေဖြင့် နယ်မြေ ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက် ကြရန်လိုကြောင်း။

**လူထုအားကစားလှုပ်ရှားမှုမှသည် လူတိုင်းကျန်းမာ ကြံ့ခိုင်ရေး ဖော်ဆောင်ပေးရမည်**

လက်ရှိအချိန်၌ ဆောင်းရာသီကာလ လူထုစုပေါင်း အားကစား ပျော်ရွှင်တက်ကြွစွာ လှုပ်ရှားမှုများကို တွေ့ မြင်ရပြီး စုပေါင်းအားကစားလှုပ်ရှားမှုမှသည် လူတိုင်း၏ ကျန်းမာကြံ့ခိုင်ရေးသို့ ဖော်ဆောင်ပေးရန်လိုကြောင်း၊ အားကစားရာသီမှသာလျှင် အားကစားဆောင်ရွက်သည် မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးတွင် ကိုယ်လက် လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ဆောင်ရွက်ကြ ရန်လိုပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စား သောက်မှုများ ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ကျန်းမာကြံ့ခိုင် မှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားရာသီ၊ အားကစား လှုပ်ရှားမှုမှသည် တစ်နှစ်ပတ်လုံး ကိုယ်လက်ကြံ့ခိုင်ရေး ကို ဖော်ဆောင်ပေးနိုင်ရေး တိုက်တွန်းလိုကြောင်း၊ အစိုးရ တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်း ရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ် အလုပ် လုပ်ရန်နှင့် အောင်မြင်အောင်ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၈ - ၁၂ - ၂၀၂၃ )





စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မျိုးဆက်သစ်ခေါင်းဆောင်ငယ်များ ထပ်မံမွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်သောကြောင့် တိုင်းပြည်နှင့် တပ်မတော်အတွက် အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ **"နောင်တစ်ခေတ်၏ အောင်စစ်သည်"** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့် လက်ရုံးရည်သာမက နှလုံးရည်ပါပြည့်ဝသည့် အရာရှိကောင်းများဖြစ်လာစေရန်အတွက် အမိစစ်တက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မိမိ၏အတွေ့အကြုံ၊ ဗဟုသုတများနှင့်ပေါင်းစပ်ပြီး လက်တွေ့နယ်ပယ်တွင် ထိရောက်အောင်မြင်စွာ အသုံးချရန်လိုသည်ကို မှာကြားလိုကြောင်း။

**မွေးထုတ်ပေးခဲ့**

အမိစစ်တက္ကသိုလ်သည် **"သစ္စာ၊ သူရ၊ သိပ္ပ"** ဆိုသည့်

ဆောင်ပုဒ်နှင့်အညီ ပေးအပ်လာသည့် တာဝန်မှန်သမျှ သစ္စာရှိရှိထမ်းဆောင်နိုင်ရန်၊ နိုင်ငံတော်နှင့်တပ်မတော် အပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်ရန်စွယ်မှန် သမျှကို သူရဆိုသည့် ရဲစွမ်းသတ္တိပြည့်စုံစွာဖြင့် **တိုက်ခိုက် ချေမှုန်းနိုင်ရန်၊ စစ်ခေါင်းဆောင်တစ်ဦး သိသင့်သိထိုက် သည့် စစ်ပညာ၊ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်ဆိုသည့် သိပ္ပ အတတ်ပညာများကို တတ်မြောက်အောင် သင်ကြား လေ့ကျင့်ပေးပြီး ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ် ပေးခဲ့ပြီးဖြစ်**ကြောင်း၊ နောင်တော်ကျောင်းဆင်းအရာရှိ များသည်လည်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို အောင်မြင်အောင် စွမ်းစွမ်း တမံထမ်းဆောင်ခဲ့ကြကြောင်း၊ လက်ရှိတွင်လည်း နိုင်ငံတော် နှင့်တပ်မတော်၏ ကြီးမားသည့်တာဝန်များကို ထမ်း ဆောင်လျက်ရှိခြင်းကြောင့် အမိစစ်တက္ကသိုလ်၏ ဂုဏ်ရောင်ထွန်းပြောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်၏ ဂုဏ်၊ အမိ စစ်တက္ကသိုလ်၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ရာတွင် အထက်ကယုံကြည် အားကိုးပြီး လက်အောက်က လေးစားရသည့် အရာရှိ ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်မှာကြားလို ကြောင်း။

မကြာမီ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့အသီးသီး၌ ခေါင်းဆောင်ငယ်များအဖြစ် လက်တွေ့ တာဝန်ထမ်းဆောင်ကြရတော့မည့်သူများအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ်များကို သိရှိနားလည်ထားကြရန် အရေးကြီးကြောင်း၊ **ခေါင်းဆောင်ဆိုသည်မှာ အကျင့် စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက် အပေါ် စိတ်ကောင်း၊ စေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည် ဖြစ်**ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင် ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်ကြောင်း၊ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတို အလုပ်ဖြစ်စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ကွပ်ကဲအုပ်ချုပ်မှု အောင်မြင် ရန်အတွက်လည်း မိမိအုပ်ချုပ်ရသည့် လက်အောက် ငယ်သားများကို ကျောသားရင်သားမခွဲခြားဘဲ ညီညွတ် မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာ ချက်နှင့် အားနည်းချက်များကိုလည်း သိရှိအောင် ဆောင်ရွက်ပြီး လူမှုနှ၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး

> **ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တ ကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်း၊ စေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ် သွားကြရမည်ဖြစ်၊ အကျင့်စာရိတ္တ ကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆို ချက်များ အောင်မြင်လာမည်ဖြစ်၊ ကိုယ်ချင်းစာသည့်အပိုင်း၌ သဘောကောင်း ခြင်းနှင့် စေတနာကောင်းခြင်းကို ခွဲခြားသိမြင်နိုင်ရန်လိုပြီး ရေတိုအလုပ်ဖြစ် စေရန် သဘောကောင်းသည်မျိုးမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်ပြီး စေတနာထား ဆောင်ရွက် သွားကြရမည်ဖြစ်၊ ကွပ်ကဲအုပ်ချုပ်မှု အောင်မြင်ရန် အတွက်လည်း မိမိအုပ်ချုပ်ရသည့် လက်အောက်ငယ်သားများကို ကျောသား ရင်သား မခွဲခြားဘဲ ညီညွတ်မျှတစွာ အုပ်ချုပ်သွားရမည်ဖြစ်၊ တစ်ဦးချင်းစီ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်း များ၊ အားသာချက်နှင့် အားနည်းချက်များ ကိုလည်း သိရှိအောင်ဆောင်ရွက်ပြီး လူမှန်၊ နေရာမှန် တာဝန်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်။**

လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်သားတိုင်းသည် မည်သည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်နေသည်ဖြစ်စေ စစ်တိုက်နိုင်ရမည်ဖြစ်သဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုလည်း ထမ်းဆောင်နိုင်ရမည်ဖြစ်ခြင်းကြောင့် စစ်သားပီသစွာ နေထိုင်ကျင့်ကြံရန်လိုအပ်ကြောင်း၊ စစ်ရေးအသိ၊ စစ်ရေးသတိအမြဲရှိနေရမည်ဖြစ်သည့်အပြင် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို ကျွမ်းကျင်နေရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရန်အတွက် လေ့လာခြင်း၊ ကျန်းမာကြံ့ခိုင်ကျွမ်းကျင်နေရန်အတွက် လေ့ကျင့်ခြင်းနှင့် စစ်အခြေခံသဘောတရားများ၊ စစ်မြေပြင်စည်းကမ်းများကို တိကျစွာ လိုက်နာကျင့်သုံးကြရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးနှင့် အသက်ဝိညာဉ်ဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှုရှိပြီး အမိန့်နာခံမှုရှိမှသာ စစ်သားကောင်းတစ်ယောက်ပီသမည်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးသကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်းလိုအပ်ကြောင်း၊ စည်းကမ်းကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အတွင်း၌ စည်းကမ်းများချမှတ်ထားခြင်းသည် စနစ်တကျရှိမှုနှင့် စုစည်းညီညွတ်မှုရှိစေရန် ဖြစ်သကဲ့သို့ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အသက်ပေးတာဝန်ထမ်းဆောင်ကြရသူများဖြစ်သည့်အတွက် အမိန့်နာခံမှုကောင်းပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး၊ မလိုလားအပ်ဘဲ အသက်အန္တရာယ်ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့အတွက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်းကမ်းဆိုသည်မှာ အကြောင်းမဲ့ တင်းကျပ်ထားခြင်း မဟုတ်သည်ကို နားလည်သဘောပေါက်ထားပြီး စည်းကမ်းလိုက်နာခြင်းဖြင့် မိမိကိုယ်ကိုမြှင့်တင်သွားရမည်ဖြစ်ကြောင်း။

**စံနမူနာပြ လေးစားလိုက်နာ**

ထို့အပြင် တပ်မတော်သားများ ဖြစ်ရုံသာမက နိုင်ငံသားတစ်ဦးလည်း ဖြစ်သည့်အတွက် တပ်မတော်က ချမှတ်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ အပါအဝင် နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းကမ်းများကိုလည်း စံနမူနာပြလေးစားလိုက်နာ ကျင့်သုံးပြီး လက်အောက်ငယ်သားများကိုပါ လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ **ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိအလုပ်နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန် မိမိကိုယ်တိုင်သာမက နိုင်ငံတော်နှင့်တပ်မတော်အပေါ် ယုံကြည်ချက်၊ ခံယူချက်မြင့်မားစွာ ထားရှိရန်လို**ကြောင်း အထူးအလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် **"စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်"** ဟူသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်ဝနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်ထက်မြက်စေရန်အတွက် စစ်အတတ်ပညာများကို အမြဲတမ်းလေ့လာလိုက်နာနေရန်လိုသကဲ့သို့ အုပ်ချုပ်ရေး စွမ်းရည်ထက်မြက်နေစေရန်အတွက် အမိန့်နှင့်ညွှန်ကြားချက်များကိုအောင်မြင်အောင် ဆောင်ရွက်နိုင်ရန် စနစ်တကျစီမံကွပ်ကဲခြင်း၊ ဆင့်ကဲကွပ်ကဲကြပ်မတ်ခြင်းတို့ ဆောင်ရွက်သွားရမည်၊ အုပ်ချုပ်ရေးတွင် ကိုယ်တိုင်လိုက်နာဆောင်ရွက်ရ သကဲ့သို့ စီမံဆောင်ရွက်ပေးရခြင်းရှိပြီး နှစ်ပိုင်းလုံးကို လိုက်နာကျင့်ကြံအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ **စွမ်းရည်သုံးရပ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ကောင်းမွန်သည်နှင့်အမျှ စစ်သည်များ၏ စိတ်ဓာတ်ကောင်းမွန်လာမည်ဖြစ်ပြီး စစ်ရေးစွမ်းရည် တိုးတက်မှုကို ရှိစေမည်ဖြစ်သကဲ့သို့ စည်းရုံးရေးစွမ်းရည်ကို ကောင်းမွန်လာစေမည်ပင်ဖြစ်**ကြောင်း။

**အလေးထားလုပ်ဆောင်**

**တိုင်းပြည်၏အားသည်ပြည်တွင်း၌သာရှိပြီး တပ်မတော်၏အားကို တပ်မတော်အတွင်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာ**

**ဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအားလုံး စုပေါင်းအားနှင့်ရှိနေပါက မည်သည့်အရာကိုမဆို ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်**သည့်အတွက် တပ်တွင်းစည်းရုံးရေးသာမက ပြည်သူအားလုံး၏ စုပေါင်းအားကိုရရှိစေရန်အတွက် တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထား လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

စည်းရုံးရေးဆိုသည်မှာ အချိန်နှင့်အမျှလုပ်ဆောင်နေရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အရေးပေါ်မှထပြီး လုပ်ဆောင်၍ရသည့် လုပ်ငန်းမျိုးမဟုတ်သည့်အတွက် တစ်ကြိမ်တစ်ခါကောင်းဆောင်ရွက်ရုံဖြင့် မရနိုင်သည်ကိုလည်း သိရှိထားရမည်ဖြစ်ကြောင်း၊ စည်းရုံးရေးတွင် လက်တွေ့မပါသည့် စည်းရုံးရေးနှင့် လက်တွေ့ပါသည့် စည်းရုံးရေးဟူ၍ရှိပြီး ပြုမူဆောင်ရွက်မှု Behaviour အပေါ်တွင် မူတည်ခြင်းဖြစ်သဖြင့် ညင်သာသိမ်မွေ့စွာ ဆောင်ရွက်ရန်လိုသည့်အတွက် တပ်မတော်စည်းရုံးရေး ကော်မတီက ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ စဉ်ဆက်မပြတ် ပီပီပြင်ပြင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင်လည်း တပ်မတော်သားတိုင်း လိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျလိုက်နာ ကျင့်ကြံသွားကြမှသာ တပ်တွင်းစည်းလုံးညီညွတ်မှုပိုမိုခိုင်မာအားကောင်းလာမည်ကို သိရှိနားလည်ရန်လိုကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာ တည်ဆောက်သွားရန် အလေးအနက်ထားမှာကြား**လိုကြောင်း။

တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင်လည်း **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"**ဟု သဘောထားပြီး မိမိတာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက လူနည်းစု၊ တိုင်းရင်းသား၊ ဘာသာခွဲခြားမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများ အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကိုဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

**၂၁ ရာစုခေတ်သစ်စစ်ပွဲများသည် အကန့်အသတ်အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာ အမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဍာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာခြင်း**

> **၂၁ ရာစုခေတ်သစ်စစ်ပွဲများသည် အကန့်အသတ် အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာ အမျိုးမျိုး၊ နယ်ပယ် အမျိုးမျိုးမှ ပုံသဏ္ဍာန်မျိုးစုံဖြင့် ပုံဖော် တိုက်ခိုက်လာခြင်းဖြစ်၊ တိုးတက်လာသည့် ခေတ်မီစစ်လက်နက် ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့် စစ်ဗျူဟာများကို ကြိုတင်မျှော်တွေး ကြရမည်ဖြစ်၊ ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့် ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစား အားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ပင်ဖြစ်၊ ခေတ်ကာလ အခြေအနေအရ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင် ကြရမည့်သူများ အနေဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များအပြင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတကာရေးရာကိစ္စရပ်များကိုပါ စဉ်ဆက်မပြတ် လေ့လာနေရမည်ပင်ဖြစ်။**

**ဖြစ်ကြောင်း၊ တိုးတက်လာသည့် ခေတ်မီစစ်လက်နက်ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့် စစ်ဗျူဟာများကို ကြိုတင်မျှော်တွေးကြရမည်ဖြစ်**ကြောင်း၊ **ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့် ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ပင်ဖြစ်**ကြောင်း၊ ခေတ်ကာလအခြေအနေအရ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများအနေဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များအပြင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတကာရေးရာကိစ္စရပ်များကိုပါ စဉ်ဆက်မပြတ် လေ့လာနေရန်လိုအပ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ၎င်းတို့နိုင်ငံများ၏ဖြစ်တည်လာမှုသမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ စသည်တို့အပေါ်အခြေခံပြီး ပြည်ထောင်စုစနစ်ကို ပုံဖော်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကိုက်ညီသည့်နိုင်ငံရေး ရည်မှန်းချက် (၂) ရပ်ဖြစ်သော **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"**ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေး မောင်းနှင်အားတို့နှင့်လည်းပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိက အကျဆုံးဖြစ်**ကြောင်း၊ **စီးပွားရေး မောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်**သောကြောင့် မိမိတို့အစိုးရ လက်ထက်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"**ကို အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် NLD အစိုးရ၏ ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာအား မသမာသည့်နည်းလမ်းနှင့် အဓမ္မရယူရန်ကြိုးပမ်းသည်ကို ကာကွယ်တားဆီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် အစိုးရဖြစ်သောကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်အဖြစ်ထားရှိပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အားလုံးပူးပေါင်းပါဝင်ကြမှသာ မိမိတို့သွားချင်သည့် ပန်းတိုင်ကို ဆောလျင်စွာရောက်ရှိမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

**အမိနိုင်ငံတော်နှင့် တပ်မတော်အပေါ်သစ္စာစောင့်သိ**

ကိုယ်ကျင့်တရားနှင့် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုအပြည့်ဖြင့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှုကိုဂရုပြုပြီး လေ့ကျင့်သားပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်ဘက်ဆိုင်ရာနည်းပညာများ အပါအဝင် အခြားပညာရပ်များမှာလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူမှု၊ လေ့ကျင့်မှုနှင့် လိုက်နာမှုများကို ဆက်လက်လုပ်ဆောင်သွားကြရန်၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ကျရာတာဝန်များကို နိုင်ငံသားကောင်း၊ တပ်မတော်သားကောင်းတစ်ဦးပီသစွာ ပါဝင်ဆောင်ရွက်သွားကြရန်၊ **အမိနိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြမည့် နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လိပ်ပြာပြတိုက်ပြသထားရှိမှုကို ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၁၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အမျိုးသားကန်တော်ကြီးဥယျာဉ် တည်နေရာနှင့် သမိုင်းကြောင်းများ၊ နိုင်ငံတော်အကြီးအကဲမှ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ကန်တော်ကြီးအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေများ၊ ကျောက်စီရေမြောင်းများ ဆောက်လုပ်ထားရှိမှုနှင့် ကန်တော်ကြီးပတ်ဝန်းကျင် သာယာလှပသန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ ဘဲစားမြက်များစိုက်ပျိုးထားရှိမှုများ၊ သစ်ခွပန်းပင်များ၊ ပြင်ဦးလွင်ချယ်ရီနှင့် ဂျပန်ချယ်ရီများ စိုက်ပျိုးထားရှိမှု၊ ကန်တော်ကြီးအတွင်း အလှမွေးငါးများ စိုက်ထည့်မွေးမြူထားရှိမှုများကိုလည်းကောင်း၊ ကန်တော်ကြီးဥယျာဉ် တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီး ဥယျာဉ် (၁၆) ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပန်းပွဲတော်တွင် ပြည်တွင်းပန်းမျိုးများနှင့် ပြည်ပမျိုးများကို ဇုန်ရှစ်ဇုန်ခွဲ၍ ပြသသွားမည့်အခြေအနေများ၊ ဖျော်ဖြေရေး

အစီအစဉ်များ ထည့်သွင်းကျင်းပသွားမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ခရီးသွားမြို့တော်ဖြစ်စေရေးကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု၊ မြို့သန့်ရှင်း သာယာလှပရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုများ ပုံမှန်အတိုင်းဖြစ်စေရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်ခံကုမ္ပဏီအနေဖြင့် ပုံမှန်စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ နှစ်ရှည်ပင်များ ရှင်သန်ဖြစ်ထွန်းမှုကို မှတ်တမ်းများထားရှိရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ခရီးသွားများလည်ပတ်ရာ၌ သက်သောင့်သက်သာဖြင့် လည်ပတ်နိုင်ရေးအတွက် အောက်ခြေရှင်းလင်းစေရေး ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းထားရှိရန်နှင့် အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်စေရေး အမြဲမပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဒေသပန်းမျိုးများကို ထိန်းသိမ်းမှုမရှိသဖြင့် အချို့ပန်းမျိုးများမျိုးသုဉ်းသွားခြင်းများရှိကြောင်း၊ ပြင်ဦးလွင်ဒေသမှ ပန်းမျိုးများကို ရာသီဥတုတူညီမှုရှိသည့် ဒေသများ၌လည်း စမ်းသပ်စိုက်ပျိုးသွားရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ (Land Mark) တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ပြီး ဒေသသို့လာရောက်ကြသူများအနေဖြင့် မြို့၏သာယာလှပမှု၊ စည်းကမ်းစနစ်တကျရှိမှု၊ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းကို ဖော်ဆောင်ထားနိုင်မှုများကို အတုယူအားကျသွားစေသည့်အထိဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံများ၏တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လမ်းများအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်းစနစ်တကျနှင့် နေထိုင်မှုစနစ် သပ်ရပ်သန့်ရှင်းနေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ သာယာလှပမှု၊ စည်းကမ်းစနစ်တကျဖြစ်မှုတို့ကို အားကျအတုယူ၍ မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြို့၊ ရွာများ၊ ၎င်းမှတစ်နိုင်ငံလုံးအတိုင်းအတာအထိ စည်းကမ်းစနစ်တကျနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရေး ပြင်ဦးလွင်မြို့ကို စံပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ်ကျနသည့် စီမံခန့်ခွဲမှုနှင့် ဒေသတွင်း နေထိုင်ကြသူများ၏ စည်းကမ်းစနစ်တကျရှိမှုတို့ဖြင့် ပတ်ဝန်းကျင်ကောင်းကို မိမိတို့ဒေသနှင့် အနာဂတ်အတွက် ပုံဖော်တည်ဆောက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာကြီး ပူနွေးလာမှုကိုလည်း ရင်ဆိုင်နေကြရသည်ဖြစ်သဖြင့် မူလရှိရင်းစွဲ အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားသည့် ပြင်ဦးလွင်မြို့၌လည်း သစ်ပင်သစ်တောများကို Green Zone များဖော်ဆောင်၍ ထိန်းသိမ်းခြင်း၊ နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျဆက်လက်စိုက်ပျိုးထိန်းသိမ်းခြင်းများဖြင့် ရာသီဥတုကောင်းမွန်မှုကိုဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၉ - ၁၂ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့နယ်ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်ဒေသအတွင်း၌ ကော်ဖီနှင့် ဒေသထွက်ကုန်ပစ္စည်းများကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသကို ကော်ဖီဒေသဖြစ်စေရေးအတွက် ယခင်ကတည်းကပင် ကော်ဖီလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီမံကိန်း

မြေနေရာများ ဖော်ဆောင်ပေးခဲ့ကြောင်း၊ သို့သော်လည်း ကော်ဖီလုပ်ငန်းလုပ်ဆောင်ရန် မြေနေရာရယူထားသူများ အနက် အမှန်တကယ်အင်ပြည့်အားပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသူများကိုလည်း စိစစ်ဖော်ထုတ်သိရှိရကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အမှန်တကယ်အလုပ်လုပ်ရန်လိုသကဲ့သို့ အစိုးရတာဝန်ရှိသူများအနေဖြင့်လည်း လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝတွင် စားရေးသည် အရေးကြီးပြီး စားရေးကိုအထောက်အကူပြုရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **စားနပ်ရိက္ခာများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လိုအပ်မှုများရှိပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ထိထိရောက်ရောက် အသုံးချနိုင်ရန်လို**ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့တာဝန်ယူသည့်အချိန်တွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမှန်တကယ်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကတည်းက ကော်ဖီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ကော်ဖီလုပ်ငန်းကို အားပေးဆောင်ရွက်မှု အားနည်းခဲ့သောကြောင့် မျှော်မှန်းထားသလောက် အောင်မြင်မှုမရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကတည်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို အမှန်တကယ်စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ယခုအချိန်တွင် ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ **ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်ဒေသမှ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံ၍ အားပေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သောကြောင့် ကော်ဖီလုပ်ငန်းသည် အထိုက်အလျောက် တိုးတက်မှုများဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်သည့်ကော်ဖီများကို ပြည်တွင်း၊ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရမည်

ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်
ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုး
တိုးတက်ရေး၊ ဒေသစီးပွားရေးကို
အထောက်အကူပြုသည့် လုပ်ငန်းတစ်ခု
ဖြစ်သဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး
မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်၊
ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်ဒေသမှ
ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏ
တွေ့ဆုံ၍ အားပေးဆောင်ရွက်ခဲ့ပြီး
လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်
ပေးခဲ့သောကြောင့် ကော်ဖီလုပ်ငန်းသည်
အထိုက်အလျောက် တိုးတက်မှုများ
ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်၊
ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်
ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး
ထုတ်လုပ်သည့်ကော်ဖီများကို ပြည်တွင်း၊
ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့
ရောင်းချနိုင်ရမည်ဖြစ်၊ ယခုအချိန်မှစ၍
ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို
စနစ်တကျဖြင့် ဆောင်ရွက်သွားမှသာလျှင်
နောင်လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း
ကော်ဖီထုတ်လုပ်မှုများ
ပိုမိုတိုးတက်လာမည်ဖြစ်။

ဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်သွားမှသာလျှင် နောင်လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကော်ဖီထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်အဆက်ဆက် အားပေးခဲ့ခြင်းမရှိသည်ကိုတွေ့ရကြောင်း၊ ထုတ်ကုန်များနည်းပါးခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ နှစ်စဉ်ပြခဲ့ပြီး လောင်စာဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ စားသုံးဆီများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်သည်ဖြစ်သော်လည်း လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိခြင်းကြောင့် တင်သွင်းနေရခြင်းဖြစ်သဖြင့် ဆီထွက်သီးနှံစိုက်ပျိုးခြင်းကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် နို့နှင့် နို့ထွက်ပစ္စည်းလိုအပ်ချက်အတွက်လည်း ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ပြည်ပသွင်းကုန်လျှော့ချနိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးရေးထုတ်ကုန် အမြောက်အမြားရှိပြီး ၎င်းတို့ကိုအခြေခံသည့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌ အောင်မြင်သည့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုကိုလည်း အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံများက ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး **ကော်ဖီသည် ဒေသအတွက်၊ တိုင်းပြည်အတွက် အကျိုးရှိမည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ပြင်ဦးလွင်မြို့ကို အပန်းဖြေဒေသအဖြစ် ချယ်ရီမြို့တော်၊ ပန်းမြို့တော် စသည်ဖြင့် နာမည်ခေါ်တွင်ကြသကဲ့သို့ စီးပွားရေးနှင့် ဂုဏ်ယူသင့်သည့် ဒေသထွက်ကုန်အရ ကော်ဖီမြို့တော် အဖြစ်နာမည်တွင်နိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊** ကော်ဖီထုတ်ကုန်များထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ပြီး ထုပ်ပိုးမှုကောင်းမွန်မှသာလျှင် ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် နည်းပညာနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံမှစ၍ မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမှုသည် ပြင်ဦးလွင်ဒေသ၌ ကော်ဖီလုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန်တွေ့ဆုံခြင်းဖြစ်သဖြင့် တက်ရောက်လာကြသူများအနေဖြင့် လိုအပ်ချက်များနှင့် အကြံပြုချက်များကို တင်ပြကြစေလိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများအား ရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတို့က ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးစီမံကိန်းများဆောင်ရွက်ခဲ့မှု၊ မြေအသုံးချမှုအခြေအနေအပေါ် ကွင်းဆင်းစစ်ဆေးချက်အရ စိစစ်တွေ့ရှိချက်များ၊ ကော်ဖီလုံးဝစိုက်ပျိုးခြင်းမရှိသည့် မြေနေရာများကို ကော်ဖီလုပ်ကိုင်ခွင့်များရုပ်သိမ်းခဲ့မှု၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်စေရေး ကော်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့မှု၊ ကော်ဖီစိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် စိုက်ပျိုးမှုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့မြေပြင်ပ မြေလွတ်၊ မြေရိုင်းအတွင်း အဆောက်အအုံ ပိုမိုအသုံးပြုထားမှုအပေါ် ကွင်းဆင်းစစ်ဆေး၍ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်းမြေနေရာများတွင် ကော်ဖီစိုက်ပျိုးမှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီထုတ်လုပ်မှုလုပ်ငန်းအထောက်အကူပြု လုပ်သားလိုအပ်ချက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်အလိုက်ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေများ၊ ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများ၊ ကော်ဖီပင်စည်ထိုးပိုးကာကွယ်နှိမ်နင်းရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေး

ပညာပေးခြင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အအုံများဆောက်လုပ်ရာတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သည့် အဆောက်အအုံများကိုသာ ဆောက်လုပ်ရန်လိုပြီး အပန်းဖြေစခန်းနှင့် ကော်ဖီစိုက်ပျိုးခြင်းနှင့် မသက်ဆိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန်လိုကြောင်း၊ ကော်ဖီများအတွက်နှုန်းတိုးတက်စေရေးသွင်းအားစုများ အပြည့်အဝထည့်သွင်းရန်နှင့် စနစ်တကျပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီပင်စည်ထိုးပိုးများ ကျရောက်မှုမရှိစေရန်အတွက် စုပေါင်းအားဖြင့် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ထားရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ အမှန်တကယ်စိုက်ပျိုးနိုင်သည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါကြောင်း၊ စိုက်ပျိုးမှုအပေါ်မူတည်၍ ငါးကေမှ ကေ ၅၀ အထိ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီများတိုးချဲ့စိုက်ပျိုးရန်အတွက် မျိုးကောင်းသည့်ပျိုးပင်များ ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**တက်ရောက်လာကြသူများက လိုအပ်ချက်များ အသီးသီး တင်ပြဆွေးနွေး**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကိုယ်စား ကော်ဖီစိုက်တောင်သူတစ်ဦးက ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ဈေးကွက်ရရှိမှုအခြေအနေများ၊ ကော်ဖီခြံများအလိုက် ရောဂါပိုးကာကွယ်မှုများကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများကိုလည်းကောင်း၊ ကော်ဖီကိုအခြေခံသည့် MSME လုပ်ငန်းရှင်တစ်ဦးက ကော်ဖီစီမံကိန်းနယ်မြေတွင် အဆောက်အအုံအရွယ်အစားကို သတ်မှတ်မည့်အစား ကော်ဖီစီမံကိန်းစိုက်ပျိုးမြေဧရိယာပေါ်တွင်သာ လုပ်ငန်းအပေါ်မူတည်၍ အဆောက်အအုံဧရိယာကို ခွင့်ပြုပေးစေလိုမှု၊ ကော်ဖီစီမံကိန်းအစမှ ဆောင်ရွက်သူများအနေဖြင့် ခြံမြေများကို ကေများများ ဆောင်ရွက်နိုင်သော်လည်း နောက်ပိုင်းဆောင်ရွက်သူများအနေဖြင့် စိုက်ပျိုးမြေများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးမြေများ မရရှိခြင်းကြောင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွားလာရလွယ်ကူသည့်နေရာ၌ အဆောက်အအုံများကို ဆောက်လုပ်ကြမှုအခြေအနေများကိုလည်းကောင်း၊ ဒေသထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းရှင်တစ်ဦးက ဝိုင်လုပ်ငန်းရှင်များအနေဖြင့် FDA ခွင့်ပြုချက်ရရှိရန် အခက်အခဲများ ကြုံတွေ့နေရမှုနှင့် စည်းကမ်းသတ်မှတ်ချက်များကို လုပ်ငန်းအလိုက် ဖြေလျှော့ပေးစေလိုမှုတို့နှင့်ပတ်သက်၍ အသီးသီး တင်ပြကြသည်။

> **MSME လုပ်ငန်းများနှင့်ပတ်သက်၍ ထုတ်ကုန်များ အရည်အသွေးမြှင့်တင်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လို၊ MSME လုပ်ငန်းများကို အိမ်တွင်းစက်မှု လုပ်ငန်း အဆင့်သာမဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်ထုတ်လုပ်သည့် ထုတ်ကုန်များ ဖြစ်စေရေး ဆောင်ရွက်ရန်လို၊ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းများကို အရည်အသွေးမြှင့်တင် ဆောင်ရွက်နိုင်ရန်လို၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်၊ ဒေသတွင်း ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်သူများ ဆွေးနွေး ညှိနှိုင်း၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားစေလို။**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ၌ ထုတ်ပေးထားရှိမှုအခြေအနေများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို အဆင့်ဆင့် တင်ပြဆောင်ရွက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ကော်ဖီလုပ်ငန်းသည် အစုအဖွဲ့နှင့်လုပ်ဆောင်ရသည့်လုပ်ငန်းဖြစ်သဖြင့် ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အဓိကထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ကုန်ကြမ်းမှ ကုန်ချောများထုတ်လုပ်ခြင်းဖြင့် ထုတ်ကုန်များရရှိပြီး ပြည်တွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်သတ်မှတ်ချက်များမှ ဆောင်ရွက်ခြင်းများကို ခွင့်ပြုပေးထားကြောင်း၊ သို့သော် ပြည်ထောင်စုအဆင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်ပါက တာဝန်ရှိသူများနှင့် ဆွေးနွေးဆောင်ရွက်ရန်လိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ ရေရှည်အတွက် စေတနာထား၍ ဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို စည်းကမ်းသတ်မှတ်ချက်များအတိုင်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမှုများကို အမှန်တကယ်ဆောင်ရွက်လိုသူများအတွက် စိုက်ပျိုးမြေများကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် အလုပ်လုပ်ရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေး ဖန်တီးပေးရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယနေ့တွေ့ဆုံမှုသည် ပြင်ဦးလွင်ဒေသ၌ ကော်ဖီစိုက်ပျိုးမှုများ အောင်မြင်တိုးတက်ဖြစ်ထွန်းစေရေးအတွက်ပင်ဖြစ်ကြောင်း၊ ကော်ဖီလုပ်ငန်းကို ထိခိုက်စေနိုင်မည့် ရောဂါပိုးအန္တရာယ်ကျရောက်မှုများအပါအဝင် အခြားသောစုပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်ဖီသည် နှစ်ရှည် သီးနှံပင်အတွင်း၌ ပါဝင်သည့်အတွက် မျိုးကောင်းမျိုးသန့်များဖြစ်ရန်လိုအပ်ကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်ပြီး အချိန်တစ်ခုပေးရသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်များကိုလည်း အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ အစုအဖွဲ့နှင့် လုပ်ဆောင်ရသည်ဖြစ်သည့်အတွက် ဝိုင်းဝန်းဆောင်ရွက်ရမည့်၊ လိုက်နာရမည့်ကိစ္စရပ်များကို အတူတကွ ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ထုတ်ကုန်များအရည်အသွေးမြှင့်တင်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ MSME လုပ်ငန်းများကို အိမ်တွင်းစက်မှုလုပ်ငန်းအဆင့်သာမဟုတ်ဘဲ ဒေသအဆင့်၊ နိုင်ငံအဆင့်ထုတ်လုပ်သည့် ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းများကို အရည်အသွေးမြှင့်တင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်သူများဆွေးနွေးညှိနှိုင်း၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

■ ■ ■

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၁၁ - ၁၂ - ၂၀၂၃ )






တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော် နည်းပညာတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**မိန့်ခွန်းပြောကြား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် အင်ဂျင်နီယာပညာရပ်သည် သင်္ချာပညာရပ်နှင့် သိပ္ပံပညာရပ်များကို သင်ယူမှု၊ လေ့လာမှု၊ လက်တွေ့ဆောင်ရွက်မှုများမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးခြင်းဖြစ်ပြီး လူမှုအဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သည့်

အခြေခံအဆောက်အအုံများ၊ စက်ပစ္စည်းနှင့် ယာဉ်ယန္တရားများ၊ အခြားခေတ်မီ ရုပ်ဝတ္ထုပစ္စည်းများကို တီထွင်ထုတ်လုပ်မှုအတွက် အသုံးချရသည့်ပညာရပ်ဖြစ်ကြောင်း။

အမိတက္ကသိုလ်ကြီးက အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများအဖြစ် မွေးထုတ်ပေးရာတွင် အခြေခံကျသည့် အင်ဂျင်နီယာပညာရပ်များအပြင် သက်ဆိုင်ရာပညာရပ် နယ်ပယ်အလိုက် အင်ဂျင်နီယာဒဿနအမြင်နှင့် အင်ဂျင်နီယာကျင့်ဝတ်များကို သိရှိလိုက်နာနိုင်စေရန် ဖြည့်စွက်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များဖြစ်သည့် တိကျခိုင်မာမှု၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစသည့် အခြေခံအုတ်မြစ်ကောင်းများ ရရှိပြီးဖြစ်သဖြင့် လက်တွေ့နယ်ပယ်တွင် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အခြေခံကျင့်ဝတ်များကို တိကျစွာလိုက်နာကျင့်ကြံလုပ်ဆောင်သွားကြရန်မှာကြားလိုကြောင်း။

သင်ယူခဲ့သည့် အထူးပြုဘာသာရပ်များအပေါ် မူတည်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး တပ်ဖွဲ့ အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း တပ်မတော် နည်းပညာတက္ကသိုလ်က သင်ကြားပေးလိုက်သည့် အခြေခံအင်ဂျင်နီယာ ပညာရပ်များသည် တူညီမှုရှိသည့်အတွက် လက်ရုံးဝန်ထမ်း တပ်ဖွဲ့အချင်းချင်း ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့များသည် ခြေလျင်တပ်ဖွဲ့များနှင့် အတူ စစ်ရေးအသိ၊ စစ်ရေးသတိရှိစွာဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်အလိုက် ညှိနှိုင်းပေါင်းစပ် တိုက်ပွဲဝင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများသည် တိုင်းပြည်ကိုကာကွယ်ရန် မိမိဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာသူများဖြစ်သည့်အတွက် တိုက်ပွဲဝင်ရာတွင် **"ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း"** ဆိုသည့် တိုက်ပွဲဝင်စိတ်ဓာတ်ရှိရမည်ဖြစ်ကြောင်း။

**ရဲစွမ်းသတ္တိပြည့်ဝသည့် တပ်မတော်သား အင်ဂျင်နီယာသားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်**

စစ်မြေပြင်အတွက် မိမိတို့တတ်ကျွမ်းသည့် အင်ဂျင်နီယာအတတ်ပညာများကို အသုံးချရမည်ဖြစ်သကဲ့သို့ သင်ကြားပေးလိုက်သည့် စစ်နည်းဗျူဟာဘာသာရပ်များကိုလည်း အသုံးချပြီး ခြေလျင်တပ်ဖွဲ့များကဲ့သို့ တိုက်ပွဲဝင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုအပြင် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်ရန်အတွက် တိုက်ပွဲဝင်စိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိများ တိုးတက်ကောင်းမွန်အောင် လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု၊ စစ်ပညာတတ်ကျွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကို အခြေခံပြီး အင်ဂျင်နီယာအတတ်ပညာနှင့် စစ်ပညာများကို **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် လေ့ကျင့်သင်ယူပြီး ရဲစွမ်းသတ္တိပြည့်ဝသည့် တပ်မတော်သားအင်ဂျင်နီယာ သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရန် အထူးအလေးထားမှာကြားလိုကြောင်း။

ကမ္ဘာပေါ်တွင် ထုထည်အကြီးမားဆုံးနှင့် ဉာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထားကိုးကွယ်ခဲ့ရာတွင် တပ်မတော်သား အင်ဂျင်နီယာ ပညာရှင်များအနေဖြင့် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မည့် စကျင်ကျောက်တုံးတော်ကြီးကို ရေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် နေပြည်တော်သို့သယ်ယူပင့်ဆောင်ရာတွင် တူးမြောင်းဖောက်လုပ်ခြင်း၊ လိုအပ်သည့်လမ်းများ ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ပလ္လင်အောက်ခံ Foundation တည်ဆောက်ခြင်း၊ မြေလျောင်ဒဏ်၊ လေပြင်းမုန်တိုင်းနှင့် လျှပ်စစ်မိုးကြိုး ဒဏ်ခံနိုင်ရေးတို့အတွက် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ရှုထောင့်မျိုးစုံမှ စဉ်းစားသုံးသပ်ပြီး စနစ်တကျတွက်ချက်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့်နည်းပညာသုံး CNC စက်ကြီးများ အသုံးပြုပြီး ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပုံဖော်ခြင်း အပါအဝင် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ရာ၌ သံမဏိမျှော်စင်နှင့် သံမဏိပန်းတောင်း တည်ဆောက်

အသုံးပြုခြင်းများကို ပြည်ပမှ အတတ်ပညာရှင်များမပါဘဲ တပ်မတော်သား အင်ဂျင်နီယာများက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုအပေါ် နိုင်ငံတကာအင်ဂျင်နီယာ အဖွဲ့အစည်းများကပါ အသိအမှတ်ပြုမှုရရှိခဲ့ခြင်းကြောင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားအင်ဂျင်နီယာများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိသည်ကို အသိအမှတ်ပြု ပြောကြားလိုကြောင်း။

**"အင်ဂျင်နီယာစွမ်းပကား၊ တပ်မတော်အား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းလုပ်ဆောင်**

ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် အဓိကကျသည့် စစ်အသုံးအဆောင်ပစ္စည်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့်ကျွမ်းကျင်မှုစသည့် ကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် စစ်ပွဲဆိုင်ရာ အယူအဆများ၊ ပုံသဏ္ဌာန်များ၊ စစ်လက်နက်အသစ်အဆန်းများနှင့် စစ်ဘက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ခြည်အပြတ်မခံဘဲ လေ့လာနေရန်လိုအပ်ကြောင်း၊ ကြည်း၊ ရေ၊ လေနှင့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့များအားလုံးကို ခေတ်နှင့်လျော်ညီအောင် အဆင့်မြှင့်တင်မှုများလုပ်ဆောင်နိုင်ရန်အတွက် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များအနေဖြင့် ကာကွယ်ရေးဆိုင်ရာကဏ္ဍတွင် လိုအပ်သည့် အသစ်တီထွင်ထုတ်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများကို **"အင်ဂျင်နီယာ စွမ်းပကား၊ တပ်မတော်အား"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကို ကြည့်မည်ဆိုပါက ခေတ်မီနည်းပညာများနှင့် စစ်မှုသိပ္ပံနည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အင်အားကြီးနိုင်ငံအုပ်စုများ၏ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရလွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ် ထားရှိလိုမှုများကြောင့် ဖြစ်ပေါ်နေသည့် ခေတ်သစ်စစ်ပွဲများ၏ အသွင်သဏ္ဌာန်များကို ကောင်းစွာသိရှိနားလည် ထားရမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး စသည့်နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိလူသားများ ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာအဆင့်မှ AI (Artificial Intelligence) ဟုခေါ်သည့် ဉာဏ်ရည်တုနည်းပညာအသုံးပြုကွပ်ကဲ ထိန်းချုပ်မှုနည်းပညာအဆင့်အထိ တိုးတက်ပြောင်းလဲလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မှုရေးရာတော်လှန်

**စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ခေတ်သစ်စစ်ပွဲများတွင် သက်ရှိလူသားများ ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာအဆင့်မှ AI (Artificial Intelligence) ဟုခေါ်သည့်ဉာဏ်ရည်တု နည်းပညာအသုံးပြုကွပ်ကဲ ထိန်းချုပ်မှု နည်းပညာအဆင့်အထိ တိုးတက်ပြောင်းလဲ လာသည်ကို တွေ့ရှိရမည်ဖြစ်၊ ထို့ကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်မှုရေးရာ တော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် ဉာဏ်ရည်တု နည်းပညာ (AI) အခန်းကဏ္ဍကိုလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူရန် လိုအပ်။**

ပြောင်းလဲမှု နည်းပညာများနှင့် ဉာဏ်ရည်တု နည်းပညာ (AI) အခန်းကဏ္ဍကိုလည်း စဉ်ဆက်မပြတ် လေ့လာ သင်ယူရန် လိုအပ်ကြောင်း။

**စဉ်ဆက်မပြတ်လေ့လာ**

ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် ခေတ်သစ်စစ်ပွဲများကိုမျှော်မှန်းပြီး ခေတ်မီတပ်မတော် တစ်ရပ် တည်ဆောက်ရာတွင် ဉာဏ်ရည်တုနည်းပညာ အပြင် အခြားကာကွယ်ရေးသုတေသနလုပ်ငန်းများတွင် လည်း များစွာရင်းနှီးမြှုပ်နှံလာကြသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ နည်းပညာအခြေပြု ခေတ်မီတပ်မတော် တစ်ရပ် တည်ဆောက်ရေးကို အပြိုင်အဆိုင် လုပ်ဆောင် လာကြသည့်နည်းတူ သတင်းအချက်အလက်စီးဆင်းမှု လွယ်ကူမြန်ဆန်မှုကြောင့် နည်းပညာရပ်များ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ကမ္ဘာ့အခင်းအကျင်း ပြောင်းလဲ မှုများသည် လျင်လျင်မြန်မြန် ဖြစ်ပေါ်လျက်ရှိသည်ကို လည်း အမြဲသတိချပ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို အမီလိုက်နိုင်ရန်အတွက် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက် နေသည့် စစ်မှုသိပ္ပံ နှင့် နည်းပညာများကို စဉ်ဆက်မပြတ် လေ့လာပြီး မိမိနိုင်ငံအတွက် အကောင်းဆုံးအသုံးချသွား ရမည် ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာ ကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့် အတွက် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသည့် ကျစ်လျစ်ခိုင်မာတောင့်တင်းသော တပ်မတော်ဖြစ်စေရေး **"စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေး စွမ်းရည်"** ဆိုသည့် စွမ်းရည်သုံးရပ်ပြည့်စုံနေရန်လို အပ်ကြောင်း၊ စွမ်းရည်သုံးရပ် ပြည့်စုံရန်အတွက် တပ်တိုင်း ရဲဘော်တိုင်းတွင်ရှိရမည့် အခြေခံအရည်အချင်း ၅ ပါး ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှုနှင့် စွမ်းရည် သုံးရပ်ပြည့်စုံမှုရှိရန် လိုအပ်မည်ပင်ဖြစ်ကြောင်း၊ စွမ်းရည်သုံးရပ်သည် အပြန်အလှန် ချိတ်ဆက်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ပြည့်စုံကောင်းမွန်မှုမှတစ်ဆင့် စစ်ရေး စွမ်းရည်တိုးတက်အောင်မြင်ခြင်းနှင့်စည်းရုံးရေးစွမ်းရည် သည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း။

**ရဲဘော်ရဲဘက်စိတ်ထားရှိ**

တပ်မတော်အနေဖြင့်နိုင်ငံတော်တာဝန်ကိုထမ်းဆောင် နေရသည့် အချိန်အတွင်း၌ နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိ သရွေ့ ဆောင်ရွက်သွားကြရမည်ပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကိုလက်တွေ့ကျကျထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံး ညီညွတ်ရေးကို တည်ဆောက်ရာတွင် ခေါင်းဆောင်ကောင်း အင်္ဂါရပ်များနှင့်အညီ ကွပ်ကဲအုပ်ချုပ်ပြီး စစ်သည်တော် ကျင့်ဝတ်အပါး(၆၀)ကို တိတိကျကျလိုက်နာကျင့်ကြံ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိ လက်အောက်ငယ်သားများအပေါ် မျှတသည့်စိတ်ထား၊ မှန်ကန်သည့်သဘောထား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အဆင့်နှင့်လျော်ညီသည့် လုပ်ငန်းကျွမ်းကျင်မှုအပြင် ရဲဘော်ရဲဘက်စိတ်ထားရှိကာ ကွပ်ကဲအုပ်ချုပ်ပြီး တပ်နေ ပျော်စေရေးနှင့် သက်သာချောင်ချိရေးကောင်းမွန်စေရန် အမြဲစီမံဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

**ပြည်သူလူထုအကျိုးစီးပွားကိုကူညီဆောင်ရွက်**

တပ်ပြင်စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရာ တွင်လည်း ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက် သွားကြရမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူ ကြားက ပေါက်ဖွားလာသည့် တိုင်းရင်းသားပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်ခြင်းကြောင့် ပြည်သူ လူထု၏ နေ့စဉ်ဘဝလုံခြုံရေးကို ဘက်ပေါင်းစုံက တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြရမည်လည်း ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ကျရာ တပ်ဖွဲ့၊ နယ်မြေ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင် ရွက်ပေးခြင်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာ ကူညီစောင့်ရှောက်ပေးခြင်းလုပ်ငန်းများတွင် လည်း အားတက်သရော စွမ်းစွမ်းတမံဆောင်ရွက်ပေး ကြရမည်ပင် ဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်း မှာသာရှိသည်"** ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် တိုင်းရင်းသားညီအစ်ကိုများ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာရပ်တည်ပြီး အမျိုးသားရေးတာဝန်

ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်သည် ပြည်သူများနှင့် တစ်သားတည်းဖြစ်ရန်လိုအပ်ကြောင်း၊ ပြည်သူလူထု၏ အားပေးထောက်ခံမှုသည် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အရေးကြီးသော အခြေခံအချက်ဖြစ်သည့်အတွက် တာဝန်ကျရာ ဒေသအသီးသီးရောက်ရှိချိန်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး တပ်ပြင်စည်းရုံးရေး အောင်မြင်အောင်

**အင်ဂျင်နီယာပညာရှင်များဖြစ်သဖြင့် Engineering Philosophy ကိုလည်း အသုံးချရန်လို၊ နည်းပညာရပ်ဆိုင်ရာများ ဆောင်ရွက်ရာတွင် မိမိတို့ရှေ့မှ အင်ဂျင်နီယာပညာရှင်များနှင့် အချင်းချင်း တိုင်ပင်ဆွေးနွေး ဆောင်ရွက်ကြရန်လို၊ နည်းပညာရပ်များ ပိုမိုသင်ကြား တတ်မြောက်ကျွမ်းကျင်သည့် အင်ဂျင်နီယာ ပညာရှင်ကြီးများ၊ နည်းပညာရှင်ကြီးများ ဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန်လို၊ တိုင်းပြည်အတွက်၊ တပ်မတော်အတွက်၊ ပြည်သူအတွက် အထောက်အကူပြုသည့် ပညာရှင်ကြီးများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလို၊ မိမိတို့ဘဝကို ထိခိုက်စေနိုင်သည့် မူးယစ်သောက်စား ပျော်ပါးခြင်းများကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်ကြရန်လို၊ လူတိုင်းသည် ဘက်စုံ၌ မပြည့်စုံနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် လူ့ဘဝ၏ တိုးတက်မှုအကျိုးကို ခံစားရမည်ဖြစ်။**

ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းခြောက်နှစ်တာကာလအတွင်း မလျှော့သည့် ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းအားထုတ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများကို ရရှိကြခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသကဲ့သို့ မိဘများကိုယ်စားလည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ရည်မှန်းချက်များထားရှိ၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်၍ အရာရှိများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ချိန်တွင် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ၌ သင်တန်းတက်ရောက်စဉ် စည်းကမ်းလိုက်နာမှု၊ ကြိုးပမ်းအားထုတ်ခဲ့မှုများအတိုင်း ဆက်လက်၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းဆင်းအရာရှိများအနေဖြင့် အနာဂတ်တွင် တပ်မတော်၏ ပခုံးပြောင်းတာဝန်များကို ထိုက်ထိုက်တန်တန် တာဝန်လွှဲပြောင်းထမ်းဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူတိုင်း ပထမဖြစ်ခွင့်ရှိသော်လည်း လူတိုင်း ပထမ မရနိုင်ကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပထမနေရာကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုထိန်းသိမ်း၍ မိမိဘဝတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုကို အများကအသိအမှတ်ပြုအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ်၊ တပ်မတော်အပေါ်၊ မိမိအထက်အကြီးအကဲနှင့် လက်အောက်ငယ်သားများအပေါ် သစ္စာရှိစွာဖြင့် ရိုးသားစွာ ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်

ဖြစ်ကြောင်း၊ အလားတူ မိမိတို့၏ဘဝကို လမ်းညွှန် သွန်သင် ဆုံးမပေးခဲ့သည့် မိဘနှင့်ဆရာသမားများ၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ အင်ဂျင်နီယာ ပညာရှင်များဖြစ်သဖြင့် Engineering Philosophy ကိုလည်း အသုံးချရန်လိုကြောင်း၊ နည်းပညာရပ်ဆိုင်ရာ များဆောင်ရွက်ရာတွင် မိမိတို့ရှေ့မှ အင်ဂျင်နီယာ ပညာရှင်များနှင့် အချင်းချင်းတိုင်ပင်ဆွေးနွေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နည်းပညာရပ်များ ပိုမိုသင်ကြား တတ်မြောက်ကျွမ်းကျင်သည့် အင်ဂျင်နီယာပညာရှင်ကြီးများ၊ နည်းပညာရှင်ကြီးများ ဖြစ်စေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းပြည်အတွက်၊ တပ်မတော်အတွက်၊ ပြည်သူအတွက် အထောက်အကူပြုသည့် ပညာရှင်ကြီးများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့ဘဝကိုထိခိုက်စေနိုင်သည့် မူးယစ်သောက်စားပျော်ပါးခြင်းများကိုလည်း တတ်နိုင်သမျှ ရှောင်ကြဉ်ကြရန်လိုကြောင်း၊ လူတိုင်းသည် ဘက်စုံ၌ မပြည့်စုံနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် လူ့ဘဝ၏တိုးတက်မှု အကျိုးကို ခံစားရမည်ဖြစ်ကြောင်းအမှာစကား ပြောကြားသည်။

■ ■ ■

# ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၁၁ - ၁၂ - ၂၀၂၃ )






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများနှင့် ဆရာ ဆရာမများအား ဒီဇင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

**“အစကောင်းမှ အနှောင်းသေချာ” ဆိုသည့်အတိုင်း လေ့ကျင့်ရေး၌ အခြေခံမှစ၍ ကောင်းရန်လို**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်တက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်အတွက် ဖြစ်ကြောင်း၊ **“အစကောင်းမှအနှောင်းသေချာ”** ဆိုသည့်အတိုင်း လေ့ကျင့်ရေး၌ အခြေခံအစကတည်းက ကောင်းရန်လိုကြောင်း၊ အဓိကအားဖြင့် စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းပင်ဖြစ်သော်လည်း စစ်ဘက်ဆိုင်ရာတစ်ခုတည်းကိုသာ ကျွမ်းကျင်နေ၍မရကြောင်း၊ လိုအပ်သောအသိဉာဏ်၊ ဗဟုသုတနှင့် နှလုံးရည်ပြည့်ဝရန်အတွက် သက်ဆိုင်ရာစာပေပညာရပ်များကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊

တပ်မတော်တွင် စစ်တက္ကသိုလ်တစ်ခုတည်းကိုသာမက အခြားတက္ကသိုလ်များနှင့်ဗိုလ်သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပြီး တပ်မတော်အရာရှိများကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းဆင်း၍ တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုများအတွက်လည်း ဘွဲ့တံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်မှုများ

ရရှိခဲ့သည့် တပ်မတော်အရာရှိများ များစွာရှိကြောင်း။

စစ်တက္ကသိုလ်တွင် စစ်ပညာများကို တပ်စုမှူး အဆင့်အထိသင်ကြားပေးလိုက်ပြီး တက္ကသိုလ်ပညာရပ်များကိုလည်း သင်ကြားပေးကြောင်း၊ စစ်ပညာများ လေ့ကျင့်ရေးနှင့် တက္ကသိုလ်ပညာလေ့ကျင့်ရေးများကို ဆောင်ရွက်ပေးလိုက်ကြောင်း၊ လေ့ကျင့်သား ပြည့်ဝမှုသာ အရည်အချင်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်နှင့် စစ်မြေပြင်တာဝန်များ ထမ်းဆောင်ရာတွင် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စစ်မြေပြင်နှင့် လုပ်ငန်းတာဝန် နယ်ပယ်အသီးသီးတွင် မှတ်ကျောက်တင်နိုင်သည့် အရာရှိများ မွေးထုတ်ပေးရန်လိုကြောင်း။

**စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မျှော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ခဲ့**

ခေတ်သစ်စစ်ပွဲများတွင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ တိုးတက်စေရေးအတွက် စစ်ဘက်နည်းပညာရပ်ဆိုင်ရာများ တိုးတက်ရေး၊ အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီမှုရှိစေရေး ဆောင်ရွက်ခဲ့ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်တစ်ရပ်ဖြစ်စေရေး ကြိုတင်မျှော်မှန်းပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေး ပြည်ပနိုင်ငံများသို့တပ်မတော်သားအရာရှိများကို စေလွှတ်သင်ကြားစေခဲ့ပြီး လက်ရှိအချိန်တွင်လည်း တက်ရောက်လျက်ရှိကြောင်း၊ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းများ သင်ကြားပို့ချရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်မီအောင် မွေးထုတ်ပေးရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းဖြစ်သဖြင့် လေ့ကျင့်ရေးနှင့်ပတ်သက်၍ စတင်ချိန်ကတည်းက စနစ်တကျဖြင့် လေ့ကျင့်ပေးရန် လေးနှစ်တာကာလသည် စစ်ပညာနှင့်တက္ကသိုလ်ပညာရပ်များ သင်ကြားပေးရန်အတွက် လုံလောက်သည့် အချိန်ကာလတစ်ခုဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် သင်တန်းပြီးမြောက်ချိန်တွင် လူငယ်ခေါင်းဆောင်စိတ်ဖြင့် နေထိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့်လေ့ကျင့်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ပထမနှစ်မှစတင်၍ အရာရှိကောင်းများဖြစ်အောင် စနစ်တကျဖြင့် လေ့ကျင့်ပေးရန်လိုကြောင်း၊ အသေးအဖွဲ့မှစ၍ ဂရုစိုက်ပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေသာခိုသည့်စိတ်၊ အလွယ်တကူလုပ်ဆောင်လိုသည့်စိတ်များ မရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် စစ်ဘက်ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

စာပေပညာနှင့်ပတ်သက်၍ ယခင်ကသာမန်ဘွဲ့များကိုသာ ပေးအပ်ခဲ့သော်လည်း နောက်ပိုင်းတွင် Ph.D ဘွဲ့အထိ ပေးအပ်ခဲ့ကြောင်း၊ ပြည်ပ၌လည်း သွားရောက်သင်ကြားမှုများရှိကြောင်း၊ နှလုံးရည်ပြည့်ဝစေရေး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ တပ်မတော်လေ့ကျင့်ရေး ကျောင်းများမှ သင်ကြားမွေးထုတ်ပေးလိုက်သူများအနေဖြင့် တပ်မတော်ပိုင်းဆိုင်ရာများကိုသာမက နိုင်ငံတော်အတွက် လိုအပ်သည့် အခြားလုပ်ငန်းတာဝန်များကိုလည်း ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်

> **စာပေဖတ်ရှုခြင်းသည်**
> **ဘဝတိုးတက်ရေးအတွက်**
> **တစ်ဖက်တစ်လမ်းမှ အထောက်**
> **အကူပြုသဖြင့် စာပေကို အမြဲမပြတ်**
> **ဖတ်ရှုလေ့လာနေရန်လို၊ တက္ကသိုလ်**
> **ပညာရပ်သည် စာပေပညာရပ်ကိုသာမက**
> **အတွေးအခေါ်ပညာရပ်များကို**
> **သင်ကြားပေးခြင်းဖြစ်၊**
> **သင်တန်းသားများအား**
> **သင်ကြားပေးရာတွင် တူညီသည့်**
> **အမြင်များရှိစေရေး၊ အခြေခံကျကျ**
> **တွေးခေါ်တတ်သည့် အလေ့အကျင့်**
> **ကောင်းများရှိစေရေး လေ့ကျင့်ပေးရန်လို။**

ကြောင်း၊ စစ်ဘက်ခေါင်းဆောင်များအနေဖြင့် နှလုံးရည်ဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်အတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**စာပေဖတ်ရှုခြင်းဖြင့် နှလုံးရည်ပြည့်ဝသော ခေါင်းဆောင်များဖြစ်စေမည်**

စာပေဖတ်ရှုခြင်းသည် ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသဖြင့် စာပေကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန် လိုကြောင်း၊ တက္ကသိုလ်ပညာရပ်သည် စာပေပညာရပ်ကိုသာမက အတွေးအခေါ်ပညာရပ်များကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအား သင်ကြားပေးရာတွင် တူညီသည့်အမြင်များရှိစေရေး၊ အခြေခံကျကျတွေးခေါ်တတ်သည့် အလေ့အကျင့်ကောင်းများရှိစေရေး လေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများကို ဆောင်ရွက်ပေးရကြောင်း၊ ကိုယ်ခံစွမ်းအားများရှိစေရေး လိုအပ်သည့် ကယ်လိုရီများရရှိအောင် စနစ်တကျဖြင့် တွက်ချက်၍ စီမံဆောင်ရွက်ပေးထားသဖြင့် အပြည့်အဝ စားသုံးရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်သူများဖြစ်စေရေး အစားအသောက်နှင့်ပတ်သက်၍ အပြည့်အဝကျွေးမွေးရန်လိုကြောင်း၊ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာများ ပြည့်ဝနေရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှ ဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကို အလိုမလိုက်ရန်လိုကြောင်း၊ အရက်သေစာများကို အလွန်အကျွံသောက်စားခြင်းများသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ မူးယစ်သောက်စားမှုများကြောင့် မလိုလားအပ်သည့် ဖြစ်စဉ်များဖြစ်ပေါ်ပြီး လူမှုရေးကိစ္စရပ်များကိုပါ ထိခိုက်စေနိုင်သဖြင့် အသောက်အစားနှင့် ပတ်သက်၍ မိမိကိုယ်တိုင် အသိတရားဖြင့် ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ မိမိလက်အောက်ရှိသင်တန်းသားများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အသောက်အစားနှင့် ပတ်သက်၍ အလေးထားထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အစားအသောက်နှင့် ပတ်သက်၍ အာဟာရပြည့်ဝသည့် အစားအသောက်များကို စားသုံးရန်လိုကြောင်း၊ အသက်အရွယ်နှင့် သင့်တင့်လျောက်ပတ်သည့် ကိုယ်ဟန်အနေအထားရှိရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများကို လေ့ကျင့်ပေးရာတွင် စားသောက်နေထိုင်မှုမှ တစ်ဆင့်အခြေခံမှစ၍ စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ သို့မှသာ သင်တန်းသားများအနေဖြင့် သင့်တင့်လျောက်ပတ်သည့် ကြံ့ခိုင်မှုများရရှိမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်အကျင့်များကို ဗိုလ်လောင်းဘဝမှ စတင်၍ လေ့ကျင့်ပေးရန်လိုသကဲ့သို့ နည်းပြများကိုယ်တိုင်ကစံပြဖြစ်နေရန်လိုကြောင်း။

**လေ့ကျင့်သား ပြည့်ဝခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် စစ်ဘက်ခေါင်းဆောင်များ ဖြစ်စေမည်**

လေ့ကျင့်ရေးပိုင်းတွင် သေချာစွာ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို စနစ်တကျလေ့ကျင့်ပေးမှသာ စစ်မြေပြင်တွင် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ ကျင်းပရာတွင် စည်းစားညာဏ်ဖြင့် ခွန်အားစိုက်ထုတ်၍ စနစ်တကျဆောင်ရွက်တတ်သည့် အကျင့်ကောင်းများရရှိအောင် လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ စစ်ခေါင်းဆောင်များသည် စည်းစားဆင်ခြင်တုံတရားနှင့် သတ္တိရှိရှိဖြင့် ဆောင်ရွက်နိုင်ရေး စစ်တက္ကသိုလ်မှ မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးရာတွင် သင်တန်းသားများအား အဆိုပါ စိတ်ဓာတ်များ အခြေခံမှစတင်၍ မွေးမြူပေးနိုင်ရေး လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝစွာဖြင့် လေ့ကျင့်ဆောင်ရွက်ပေးခြင်းဖြင့် တပ်မတော်အတွက် အားထားရသည့် စစ်ဘက်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် လက်ရုံးရည်၊ နှလုံးရည်နှင့် စဉ်းစားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်များ မွေးထုတ်ပေးနိုင်ရေးစနစ်တကျဖြင့် အလေးထားလေ့ကျင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၃ - ၁၂ - ၂၀၂၃ )





၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ နှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ တပ်မတော် အဆင့်မြင့် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီး များ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင် များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **“ဟေမန္တ ရုတု”** ဟု ခေါ်တွင်ခဲ့ကြသည့် ယခု နတ်တော်လရာသီသည် ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သည့် စာဆိုတော်များ ရေးဖွဲ့သီကုံးခဲ့သည့် စာပေ၏ အနှစ်သာရ၊ အဆီအနှစ်များ ကို ပြန်လည်လှစ်ဟဖော်ကျူး ဂုဏ်ပြုကြသည့် ကာလ လည်း ဖြစ်ပါကြောင်း၊ စာဆိုတော်များ၏ စေတနာ ကောင်းများမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် စာပေအဖူး အပွင့်များသည် လေ့လာ၍မကုန်နိုင်အောင် များပြားလွန်း လှပါကြောင်း၊ ယနေ့နိုင်ငံဖွံ့ဖြိုးမှုရလဒ်များသည်စာပေ

ကရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံး ရရှိခဲ့သော သက်သေများပင်ဖြစ်ပါကြောင်း၊ စာပေက ပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည်လည်း အလွန် အဖိုးအနဂ္ဃ ထိုက်တန်ပါကြောင်း၊ ထို့ကြောင့် လူသားများ အတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကို ပေးစွမ်းသည့်စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကို ဖော်ထုတ် ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့ အခမ်းအနားများကို ကျင်းပကြခြင်းပင်ဖြစ်ပါကြောင်း။

စာပေသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာနယ်ပယ်များ ဖြာထွက်ရာ ပင်ရင်းနယ်ပယ်ကြီးဖြစ်သည့်အတွက် အမျိုးသားယဉ်ကျေးမှု အစုစုတို့ ပုံရိပ်ထင်ရာ အရင်းအမြစ်လည်း ဖြစ်ပါကြောင်း၊ မြန်မာ့သမိုင်း၊ မြန်မာ့စိတ်ထားတို့ကို နိုင်ငံတကာသိအောင် ဖော်ပြနိုင်သည့် ဆက်သွယ်ရေးကြားခံတစ်ခုလည်း ဖြစ်ပါကြောင်း။

မြန်မာစာပေလောကသည် ရှည်လျားသည့် မြန်မာ့သမိုင်းကြောင်း အဆက်ဆက်တွင် ထွန်းပြောင်ခိုင်မြဲခဲ့ပြီး နိုင်ငံနှင့်ပြည်သူကို အစဉ်ထာဝရအကျိုးပြုလျက်ရှိပါကြောင်း၊ စာဆိုတော်တို့၏ ကလောင်သွားများသည် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ စစ်မှန်သည့် ခွန်အားများ ဖြစ်ခဲ့ပါကြောင်း၊ စာဆိုတော်များသည် တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဇာတိသွေးဇာတိမာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကခံကို ကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေးလှုံ့ဆော်ခဲ့ကြပါကြောင်း။

**အမြဲအဖိုးတန်အကျိုးရှိနေသည့် အမွေအနှစ်များပင်ဖြစ်**

**"စာပေဝတ္ထု ရတုကဗျာ ပျို့လင်္ကာနှင့် သာသည့် သီချင်း အဲစောင်းငြင်းကို၊ မကင်းမပြတ် ဖတ်ရွတ်လေ့ကျက် တီးမှုတ်လျက်သာ နေကောင်းစွာ၏"** ဆိုသကဲ့သို့ ခေတ်အဆက်ဆက် စာဆိုတော်ကြီးများ၏ စာပေလက်ရာများသည် ဖတ်ရှုလေ့လာသူတို့အတွက် အမြဲအဖိုးတန် အကျိုးရှိနေသည့် အမွေအနှစ်များပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာ ဗဟုသုတ တိုးပွားရန်အတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန် ကာလပေါ် ဝတ္ထုဆု"** ကို စတင်ချီးမြှင့်ခဲ့ပါကြောင်း။

**"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"** ကို **'စာပေဗိမာန်ဆု'**၊ **'အနုပညာဆိုင်ရာစာပေဆု'** ၊ **'အမျိုးသားစာပေဆု'** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အထိဆိုပါက နှစ်ပေါင်း (၇၅)နှစ် စိန်ရတုကာလတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ဘာသာရပ်များကိုလည်း တိုးမြှင့်သတ်မှတ်ပြီး ချီးမြှင့်လာခဲ့သည်မှာ အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် (၁၉) မျိုးနှင့် **'စာပေဗိမာန်စာမူဆု'** တွင် ဘာသာရပ် (၁၃) မျိုးအထိ ဆုချီးမြှင့်ပေးလျက်ရှိပါကြောင်း။

**တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့်နိုင်ခဲ့**

ထို့ပြင်နိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့ကြသည့် တစ်သက်တာလုံး

> **စာဆိုတော်များ၏ စေတနာကောင်းများမှ ဖြစ်ထွန်းပေါ်ပေါက်လာသည့် စာပေ အဖူးအပွင့်များသည် လေ့လာ၍ မကုန်နိုင်အောင် များပြားလွန်းလှ၊ ယနေ့ နိုင်ငံဖွံ့ဖြိုးမှုရလဒ်များသည် စာပေက ရသည့် အသိပညာ၊ အတတ်ပညာများက အများဆုံးရရှိခဲ့သော သက်သေများပင်ဖြစ်၊ စာပေကပေးစွမ်းသည့် သုတ၊ ရသအဖုံဖုံတို့သည်လည်း အလွန်အဖိုးအနဂ္ဃ ထိုက်တန်၊ ထို့ကြောင့် လူသားများအတွက် စာပေအသိအမြင်နှင့် ပညာဗဟုသုတများကို ပေးစွမ်းသည့် စာဆိုတော်ကြီးများ၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသသည့်အနေဖြင့် နတ်တော်လရာသီတွင် စာဆိုတော်နေ့ အခမ်းအနားများကို ကျင်းပကြခြင်းပင်ဖြစ်။**

စာပေကို တစိုက်မတ်မတ် အားထုတ်ရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကိုလည်း အသိအမှတ်ပြုသည့် အနေဖြင့် **"အမျိုးသားစာပေ တစ်သက်တာဆု"** ကို ၂၀၀၁ ခုနှစ်မှစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ စာပေပညာရှင်များကို ချီးမြှင့်သည့် ဆုငွေများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ချီးမြှင့် နိုင်ခဲ့ပါကြောင်း၊ အမှန်တကယ် ထိုက်တန်သောစာအုပ်၊ စာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ပဏာမရွေးချယ်မှုအဆင့်၊ ဆန်ခါတင်ရွေးချယ်မှုအဆင့်၊ အတည်ပြုရွေးချယ်မှုအဆင့်ဟူ၍ အဆင့်သုံးဆင့်ဖြင့် ပညာရှင်များက စိစစ်ရွေးချယ်ခဲ့သည်ကို တွေ့ရပါကြောင်း။

၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၇၅၄ အုပ်ထဲမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၁ မျိုးကို စိစစ်ရွေးချယ်ခဲ့နိုင်ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၇၇ ခုထဲမှ ဘာသာရပ် ၁၃ မျိုးစလုံးအတွက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၉ ခုကို ရွေးချယ်ခဲ့ပြီး ဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

**စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့ကသုံးသပ်ထား**

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်တို့ ပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်ဖြင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများ နားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင် နိုင်ငံသိစာရေးဆရာကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်သားများ၊ အငြိမ်းစားဝန်ထမ်းများ ပါဝင်ကြသကဲ့သို့ ဝါသနာကိုအရင်းတည်ပြီး မွေ့လျော်ရာစာပေနယ်ကို တိုးဝင်ရန် ကြိုးပမ်းလာကြသည့် စာပေဝါသနာရှင်များ ပါဝင်ကြသည်ကို တွေ့ရသည့်အတွက် လွန်စွာ ကျေနပ်အားရမိပါကြောင်း။

အမျိုးသားစာပေ တစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့် အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုး၍ ချီးမြှင့်လာခဲ့ပါကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး လေးဦးအထိ ချီးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားစာပေ တစ်သက်တာဆုချီးမြှင့်ခံရသည့် ဆရာ၊ ဆရာမကြီးတို့ အားလုံးသည် ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်များ ပြည့်ဝကြသည့် ပညာရှင်ကြီးများ ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာသန်းဦးဆိုပါက မြန်မာနိုင်ငံပညာရေးလောက၏ ဦးသျှောင် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးလောက ဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုအသက် ၉၆ နှစ်တိုင် ဘဝတစ်လျှောက်လုံး ကြိုးပမ်းဆောင်ရွက်နေဆဲ ပညာရှင်ကြီးဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာချစ်စံဆိုပါကလည်း မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေသုတေသနလုပ်ငန်းများကို အစဉ်တစိုက်ရေးသားပြုစု ဟောပြောပေးခဲ့သည့် စာပေပညာရှင်ကြီးဖြစ်ပါကြောင်း၊ ဆရာမကြီး

> **စာပေသည် လူမျိုး၏ ယဉ်ကျေးမှု မဏ္ဍိုင်ဖြစ်၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်၊ စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေး စိတ်ဓာတ်ကို မြှင့်တင်ပေး၊ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်" ဆိုသည့် သတိပေး ဆိုရိုးစကားအတိုင်း လိုက်နာပြီး ဒီယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက် တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလို။**

ဒေါ်ကြူကြူသင်း ဆိုပါကလည်း ရသစာပေကို တစိုက်မတ်မတ်ရေးသားပြုစုခဲ့ပြီး မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် စာရေးဆရာမကြီး ဖြစ်ပါကြောင်း၊ ဆရာကြီး ဒေါက်တာထွန်းတင့် ဆိုပါကလည်း မြန်မာစာ၊ မြန်မာဘာသာစကားနယ်ပယ် ဖွံ့ဖြိုးတည်တံ့အောင် အစဉ်အဆက်ရေးသားပြုစုဖြန့်ဝေပေးခဲ့သည့် ပညာရှင်ကြီးဖြစ်ပါကြောင်း၊ အဆိုပါ ပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်ကထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုပါကြောင်း။

**တည်ဆောက်လျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူနိုင်ငံသားများ၏ ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားရန် အထူးအရေးကြီးလှပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံ၏ လူဦးရေ အများဆုံးနေထိုင်သည့် ကျေးလက်ဒေသများတွင် ပညာရေးအားနည်းခဲ့ပါကြောင်း၊ ပညာရေး အားနည်းချက်နှင့်အတူ တွေးခေါ်မြော်မြင်မှုတွင် လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ အဆိုပါလိုအပ်ချက်များကို ပြုပြင်ရန် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူ ပပျောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများ တိုးတက်အောင် လုပ်ဆောင်ရန်အတွက် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စာအုပ်စာပေများကို လက်လှမ်းမီစွာရရှိရန်၊ စာပေကို ဖတ်ရှုလေ့လာကြရန် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် မြန်မာစာပေနယ်မှ စာပေရေးသားပြုစုသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၊ စာကြည့်တိုက်များနှင့် စေတနာရှင်များက ဝိုင်းဝန်းကူညီကြရန် အထူးပင် မေတ္တာရပ်ခံလိုပါကြောင်း။

**စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး**

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်ပါကြောင်း၊ စာပေသည်နိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းနှင့် အမျိုးသားရေး စိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ **"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်"** ဆိုသည့် သတိပေး ဆိုရိုးစကားအတိုင်း လိုက်နာပြီး ဒီယဉ်ကျေးမှု မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်အောင် စာပေစေတနာ အပြည့်အဝနှင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာကောင်းကျိုးကို သယ်ပိုး ဆောင်ရွက်နိုင်ကြပြီး နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များ ဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

( ၁၅ - ၁၂ - ၂၀၂၃ )



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)ကို ဒီဇင်ဘာလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အတည်ပြုပြဋ္ဌာန်းမည်**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၂/၂၀၂၃) တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေတောင်းခံမှုများကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ အတည်ပြုပြီးပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီကို ဆက်လက်ပေးပို့တင်ပြ၍ အတည်ပြုပြဋ္ဌာန်းမည်ဖြစ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေသုံးစွဲနိုင်သည့် ကာလမှာလေးလခန့်သာ ရှိသည်ကိုလည်း သတိပြုရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေများကိုများစွာလျာထားတောင်းခံထားပြီး မသုံးစွဲနိုင်သဖြင့် ပြန်လည်အပ်နှံခြင်းများ မဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ဘတ်ဂျက်တောင်းခံသုံးစွဲမှုများနှင့်စပ်လျဉ်းပြီး အလေးထားစစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း။

**လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံရမည်**

ထို့ပြင် နိုင်ငံခြားသုံးငွေဖြင့်သုံးစွဲရမည့် အသုံးစရိတ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရာတွင် ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံလိုအပ်ပြီး နိုင်ငံခြားငွေဖြင့်သာ မဖြစ်မနေပေးချေရမည့် အသုံးစရိတ်များ၊ ပြည်တွင်း၌ ဝယ်ယူ၍မရနိုင်သဖြင့် ပြည်ပမှဝယ်ယူတင်သွင်းရမည့် ပစ္စည်းများအတွက် လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးထားပြီးဖြစ်သည့်အတွက် အဆိုပါရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ဒေသများတွင် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အလေးထားပြီး အားပေးမြှင့်တင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့်မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများမှ ထုတ်ကုန်တိုးတက်ရရှိရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် ဝင်ငွေတိုးတက်ရရှိစေရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြင့် အခွန်ဝေစုခွဲဝေပေးမှုများအပေါ် မှီခိုမနေဘဲဝင်ငွေရရှိနိုင်မည့် နည်းလမ်းများကိုလည်း ရှာဖွေကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားပြောကြားလိုပါကြောင်း။

ထို့ပြင် စားရေရိက္ခာဖူလုံစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသာမက ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့အပြင် အခြားကဏ္ဍများတွင်လည်း နိုင်ငံတော်အနေဖြင့် ဘတ်ဂျက်ကျခံသုံးစွဲပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွင့်ပြုပေးထားသည့် ဘတ်ဂျက်များကို အကျိုးရှိရှိအသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုအခါ နိုင်ငံတော်ဘတ်ဂျက်ကို စနစ်တကျစိစစ်ရန်၊ သုံးစွဲရန်အတွက် **"ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုတင်စိစစ်ရေးကော်မတီ"** ကို ဖွဲ့စည်းပေးခဲ့ပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**နိုင်ငံတော်က ထပ်မံခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို သက်ဆိုင်ရာ ဒေသနှင့်ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေမည့် လုပ်ငန်းများအတွက် ထိရောက်စွာသုံးစွဲကြစေလို၊ ထို့ပြင် မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်း စီမံကိန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် အသုံးစရိတ်များ အလေအလွင့်မရှိစေရေး စီမံဆောင်ရွက်ကြရန်ဖြစ်။**

**ထိရောက်စွာ သုံးစွဲကြစေလို**

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများကို သက်ဆိုင်ရာဒေသနှင့်ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်းများအတွက် ထိရောက်စွာသုံးစွဲကြစေလိုပါကြောင်း၊ ထို့ပြင် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းစီမံကိန်းများ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် အသုံးစရိတ်များ အလေအလွင့်မရှိစေရေး စီမံဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ရာတွင် သာမန်အသုံးစရိတ်အပိုင်းတွင် အဓိကအားဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းကွာခြားချက်ကြောင့် လိုအပ်လာသည့်အသုံးစရိတ်များ၊ နိုင်ငံတော်သို့ ထပ်မံပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများအတွက် တောင်းခံသည့်အတိုင်း ခွင့်ပြုခဲ့ပြီး မဖြစ်မနေပေးချေရန် ထပ်မံလိုအပ်သည့် နိုင်ငံ့ဝန်ထမ်းလစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ အတိုးပေးငွေများကို စိစစ်ခွင့်ပြုခဲ့ပါကြောင်း၊

မူလခွင့်ပြုငွေတွင် ပါဝင်ခြင်းမရှိသော်လည်း နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေးသက်သာချောင်ချိမှုကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ ခွင့်ပြုထားသည့် အပိုထောက်ပံ့ကြေးအသုံးစရိတ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ပြန်လည်ထူထောင်ရေး အသုံးစရိတ်များနှင့် အခြားလိုအပ်သည့်အသုံးစရိတ်များ၊ ၂၀၂၄-၂၀၂၅ ခု၊ ပညာသင်နှစ်တွင် အသစ်တိုးချဲ့ဖွင့်လှစ်မည့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ၃၄ ကျောင်းတွင် RCC တစ်ထပ် (၃၄) ဆောင် ဆောက်လုပ်ရန်အတွက် အသုံးစရိတ်များခွင့်ပြုပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုမှ ထောက်ပံ့ငွေနှင့် အခွန်ဝေစုတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကို လည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများသုံးစွဲရာတွင် အမှန်တကယ်သုံးသင့်သုံးထိုက်သည်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရန်လိုကြောင်း၊ နိုင်ငံတော်၏ ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများသုံးစွဲရာတွင်အမှန်တကယ်အကောင်အထည်

ဖော်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားလက်ခံနိုင်သည့် အခက်အခဲများကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိခြင်းမှလွဲ၍ အခြားအကောင်အထည်မဖော်နိုင်သည့်လုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် ပြန်လည်စိစစ်ရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် ပိုလျှံရန်ပုံငွေများကို တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းသုံးငွေဖြင့် ဆောင်ရွက်၍ရသည့် လုပ်ငန်းများအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ ပညာရေးဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်၍ အကျိုးရှိသည့်နေရာများတွင် အသုံးချရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များအတွင်းမှ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာဖြင့် သုံးစွဲကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မိမိတို့လျာထားသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ တိုင်းပြည်အကျိုးကို ရှေးရှုပြီး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ပြီး အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများတွင် ခေတ်မီနည်းစနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ရေရှည်အာမခံချက်ရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြစေလိုပါကြောင်း။

စားသုံးဆီများ တင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေသုံးစွဲရမှုများရှိနေခြင်းကြောင့် ပြည်တွင်းစားသုံးဆီဖူလုံအောင် ထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်အမှတ်စဉ်(၈)အဖြစ် **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ဟု ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူ စက်သုံးဆီများ ပြည်ပမှတင်သွင်းခြင်းကိုလည်း နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကဏ္ဍ

> ဘဏ္ဍာငွေများသုံးစွဲရာတွင် ဥပဒေ၊
> စည်းမျဉ်းစည်းကမ်းများနှင့်အညီ
> ဆောင်ရွက်၍ အကျိုးရှိသည့်
> နေရာများတွင် အသုံးချရန်လို၊
> တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်
> ဥပဒေအရပေးအပ်ထားသည့်
> လုပ်ပိုင်ခွင့်များအတွင်းမှ လုပ်ငန်းများ
> အောင်မြင်အောင် ဆောင်ရွက်ကြစေလို၊
> ဘဏ္ဍာငွေများသုံးစွဲရာတွင် ပြည်ထောင်စု
> အဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်
> ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်
> နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင်
> အကျိုးရှိစွာဖြင့် သုံးစွဲကြရန်လို။

အနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများကို အထူးစိစစ်ပြီး သုံးစွဲကြရန်လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါဘေး၊ ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးစသည့် သဘာဝဘေးများကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ကြရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပံ့ပိုးကြိုးပမ်း ဆောင်ရွက်ပေးကြရန် အလေးထားမှာကြားလိုကြောင်း။

**အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲ**

ယခုခွင့်ပြုလိုက်သည့် ဖြည့်စွက်ခွင့်ပြုငွေများ အပါအဝင် နိုင်ငံတော်ကခွဲဝေချထားပေးသည့် အသုံးစရိတ်များကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက်နှင့် အကျိုးရှိအောင်သုံးစွဲကြရန်၊ လျာထားသည့် ရငွေလျာထားချက်များအတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ အရအသုံးလျာထားချက်များနှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်အချိန်မီပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားသည်။

■ ■ ■

# တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၅ - ၁၂ - ၂၀၂၂ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယခင်က တပ်မတော်ပိုင်လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို (၁၃)ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ယခု(၁၄)ကြိမ်မြောက် တပ်တော်ဝင်အခမ်းအနားတွင် စတုတ္ထမျိုးဆက်လွန် လေကြောင်းအရေးသာမှု လေယာဉ်အမျိုးအစားဖြစ်သည့် Su-30 SME တိုက်လေယာဉ်နှစ်စင်းကို တပ်တော်ဝင်ပြီး တပ်မတော်(လေ)သို့လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့လေယာဉ်များဖြည့်ဆည်းပေးနိုင်သည့်အတွက် တပ်မတော်(လေ)ရှိအရာရှိ/ စစ်သည်အားလုံး၏ စိတ်ဓာတ်အင်အားကို မြှင့်တင်ပေးရာရောက်သကဲ့သို့ တပ်မတော်အတွက် တိုက်စွမ်းအား၊ တိုက်စွမ်းရည် တိုးတက်မြင့်မားအောင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ယနေ့မျက်မှောက်ခေတ်၏ ခေတ်သစ်စစ်ပွဲများကို လေ့လာကြည့်မည်ဆိုပါက လေကြောင်းနှင့်အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် များစွာအရေးပါသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကိုအားပြုပြီး ရန်သူအပေါ်လွှမ်းမိုးချုပ်ကိုင်နိုင်ကာ မိမိတပ်များ၏ စိတ်ဓာတ်နှင့်တိုက်စွမ်းရည် ပိုမိုဖြစ်

ပေါ်လာစေရန်အတွက် လေကြောင်းစိုးမိုးမှု၊ လေကြောင်းအရေးသာမှုများကိုအဓိကထားဆောင်ရွက်လာကြကြောင်း၊ မြင့်မားသော လေကြောင်းစွမ်းအားကို ပိုင်ဆိုင်သည့် လေတပ်မတော်ဖြစ်လာစေရေးအတွက် တပ်မတော်(လေ)မှ အရာရှိ/ စစ်သည်များအားလုံး အမြဲလေ့ကျင့်နေရမည်ပင်ဖြစ်ကြောင်း။

စစ်နည်းဗျူဟာ ကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရွန်နစ်နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးသည့်အတွက် တပ်မတော်(လေ)အနေဖြင့် နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲကျင့်သုံးလာသည့်စစ်နည်းဗျူဟာများနှင့် စစ်လက်နက်ပစ္စည်းများကို ခေတ်နှင့်အညီ ကျွမ်းကျင်စွာ အသုံးချနိုင်ရန် စဉ်ဆက်မပြတ်လေ့ကျင့်ရေးကို အလေးအနက်ထားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)ကို ကျစ်လျစ်ပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီလေတပ်မတော်အဖြစ် တည်ဆောက်ရာတွင် ကျွမ်းကျင်ပြီးအရည်အချင်း/အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပေးရေးသည်အလွန်ပင်အရေးကြီးကြောင်း၊ လေယာဉ်များကိုကိုင်တွယ်ထိန်းသိမ်းမောင်းနှင်သည့် လေသူရဲများသည် လေယာဉ်ကိုကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်သကဲ့သို့လေယာဉ်တွင်တပ်ဆင်ထားသည့်စစ်လက်နက်ပစ္စည်းများကို ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်နိုင်စေရန် အမြဲတမ်းလေ့ကျင့်နေရန်လိုကြောင်း၊ တပ်မတော်(လေ)မှ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါ၊ မိုးလေဝသစသည့် လေကြောင်းဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိ/စစ်သည်များအားလုံးအနေဖြင့် မိမိတို့ကိုင်တွယ်အသုံးပြုနေသည့် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အတူ လိုက်လျောညီထွေ ပြောင်းလဲလာသော စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကို **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"**ဆိုသည့် လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် သမိုင်းကြောင်းတစ်လျှောက် ပိုင်နက်ဝေဟင် စိုးမိုးရေးနှင့်လေကြောင်းရန်ကာကွယ်ရေးတာဝန်များသာမက ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်ရေးများတွင် ခေတ်အဆက်ဆက်တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ပကျူးကျော်မှု၊ ပြည်တွင်းသောင်းကျန်းမှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍများတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး စွမ်းစွမ်းတမံတိုက်ပွဲဝင်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဖြစ်စဉ်ကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီမှ မဲမသမာမှုများ ကျူးလွန်ခဲ့ပြီး ဥပဒေကိုအလွဲသုံးစားလုပ်ကာ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုးပမ်းလုပ်ဆောင်လာခြင်းကြောင့် တပ်မတော်က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို မဖြစ်မနေထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ တရားမဝင် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်များ ကျူးလွန်ခဲ့ကြသည့် လုပ်ရပ်များသည် နိုင်ငံတကာက သတ်မှတ်ထားသည့် အကြမ်းဖက်မှုပုံစံများနှင့် ထပ်တူညီနေသည်ကိုလည်း တွေ့ရှိရကြောင်း။

ထို့ကြောင့် နယ်မြေဒေသများတည်ငြိမ်အေးချမ်းပြီး ပြည်သူများ၏ လူနေမှုဘဝအေးချမ်းစွာရှိနေရန်အတွက် တပ်မတော်က လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တရားသောစစ်ပွဲများဆင်နွှဲလျက် ချေမှုန်းနှိမ်နင်းရာတွင် တပ်မတော်(လေ)အနေဖြင့် ကြည်း၊ ရေ၊ လက်ရုံးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ စစ်ဆင်ရေးများတွင် လေကြောင်းစွမ်းအားကို ထိထိရောက်ရောက်အသုံးချကာ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲနေသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့် အခြားတိုင်းစစ်ဌာနချုပ်နယ်မြေများ၌ ဖြစ်ပွားလျက်ရှိသည့် စစ်ဆင်ရေးများတွင် လေတပ်စစ်သည်တော်များအနေဖြင့် တပ်မတော်(လေ)တွင်ရှိသည့် လေယာဉ်/ရဟတ်ယာဉ်များကို စွမ်းအားပြည့်အသုံးပြုပြီး တိုက်ပွဲအောင်နိုင်ရေးအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် သက်စွန့်ဆံဖျား ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြကြောင်း၊ ထိုအတွက်လည်း တိုက်ပွဲဝင်စစ်သည်များ အားလုံးကိုချီးကျူးဂုဏ်ပြုပါကြောင်း၊ ထိုသို့ မြင့်မြတ်သည့် အစဉ်အလာကောင်း

များကို လေးစားတန်ဖိုးထားပြီး လက်ဆင့်ကမ်းအမွေ ဆက်လက်ထိန်းသိမ်းကြရန်ကိုလည်း တိုက်တွန်း မှာကြားလိုကြောင်း။

**ပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာ ဆက်လက်ထမ်းဆောင်**

တပ်မတော်(လေ)အနေဖြင့် ဖြတ်သန်းလာသည့် (၇၆)နှစ်တာကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး တာဝန်များအပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီ ရှာဖွေကယ်ဆယ်ရေး၊ လူသားချင်းစာနာ ထောက်ထား မှုဆိုင်ရာအကူအညီပေးရေး စသည့် ကဏ္ဍအသီးသီးတွင် ကျရာနေရာမှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် သမားရိုးကျ စစ်ဆင်ရေးများ၊ သမားရိုးကျမဟုတ်သည့် စစ်ဆင်ရေးများ နှင့် ပြည်သူ့အကျိုးပြုစစ်ဆင်ရေးများတွင် တပ်မတော် (ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်အတူ လက်တွဲလျက် ပြည်သူလူထုအတွက် ကျရာအခန်းကဏ္ဍမှပေးအပ်သည့် တာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာ ဆက်လက် ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်(လေ)အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံအသီးသီး၏ လေကြောင်းစွမ်းအား တိုးတက် တည်ဆောက်နေမှုကိုလည်း အချိန်နှင့်အမျှ လေ့လာ သုံးသပ်ရင်း ထိရောက်သောလေကြောင်းစွမ်းအားနှင့် လေကြောင်းအာကာသစွမ်းအားကို ပိုင်ဆိုင်သည့် ကျစ်လျစ်ပြီးစွမ်းရည်ထက်မြက်သော တပ်မတော်(လေ) ဖြစ်အောင် အမြဲတမ်းတွေးတောကြံဆကာ အကောင် အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိ တို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာသာမက စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ကဏ္ဍနှစ်ရပ်လုံးကို အားသွန်ခွန်စိုက် တိုးမြှင့်တည် ဆောက်ရန်လိုအပ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့် ခေတ်သစ်စစ်ပွဲများအတွင်း နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်တို့၏ အခန်းကဏ္ဍသည် ပဋိပက္ခများ၏ ရလဒ်ကိုအဆုံးအဖြတ်ပေးနိုင်သည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားသကဲ့သို့ ယခင်အတိတ်ကာလ အတွေ့အကြုံ များမှ သင်ခန်းစာရယူပြီး အနာဂတ်ကာလအတွက် အောင်မြင်စွာကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်း များကို ရှာဖွေသွားရမည်ဖြစ်ကြောင်း။

ယနေ့ တပ်တော်ဝင်မည့် Su-30 SME တိုက် လေယာဉ်များသည် စတုတ္ထမျိုးဆက်လွန် တိုက်လေယာဉ် များဖြစ်သည့်အတွက် ယခုကဲ့သို့ တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ လေကြောင်းစွမ်းအားကို တိုးမြှင့် ပေးရာရောက်သကဲ့သို့ တပ်မတော်(လေ)၏ အနာဂတ် ရည်မှန်းချက်ဖြစ်သည့် လေကြောင်းစွမ်းအားနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်အများစုကို ထိရောက်စွာ စွမ်းဆောင်နိုင်သော မဟာဗျူဟာမြောက်စွမ်းရည်အချို့ ကို ပိုင်ဆိုင်သည့် နည်းဗျူဟာမြောက်လေတပ်အဖြစ် ကူးပြောင်းရပ်တည်နိုင်ရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည် ကို ပြောကြားလိုကြောင်း။

**တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်**

တပ်မတော်(လေ)အနေဖြင့် သမိုင်းအဆက်ဆက် တိုင်းပြည်တာဝန်များကိုကျရာအခန်းကဏ္ဍမှကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့သကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို အစဉ် ဦးထိပ်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင် ဆောင်ရွက်ပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင် ရွက်ကြရန်၊ ယနေ့တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ် များကို စစ်သည်တော်ကျင့်ဝတ်ပါ **"မိမိလက်နက်ကို ခင်မင်မြတ်နိုးပါ"** ဆိုသည့်အတိုင်း စည်းကမ်းစနစ်တကျ မြတ်နိုးစွာ ကိုင်တွယ်ပျံသန်းပြီး တပ်မတော်၏ဂုဏ်ကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ တပ်တွင်းစည်းလုံး ညီညွတ်ရေး၊ တပ်ပြင်စည်းရုံးရေးတို့ကို အမြဲခိုင်မာအောင် တည်ဆောက်သွားပြီး တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို သားစဉ်မြေးဆက် မျိုးဆက် သစ်များက အသက်နှင့် ထပ်တူထိန်းသိမ်းစောင့်ရှောက် ကာ ကမ္ဘာတည်သရွေ့မြန်မာတည်စေရန် အားလုံး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

■ ■ ■

# အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

(၁၇ - ၁၂ - ၂၀၂၃)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စက်ရုံညွှန်ခန်းမဆောင်အတွင်း၌ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်တို့က စက်ရုံသမိုင်း အကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ဆက်စပ်လုပ်ငန်းများ၊ စက်ရုံလည်ပတ်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် ထူထောင်ထားပြီးဖြစ်သည့် အရင်းအမြစ်များကို အခြေခံ၍ နိုင်ငံတော်၏ စွမ်းအင်ဖူလုံစေရေးအတွက် ဆောင်ရွက်နေမှုအစီအမံများ၊ နိုင်ငံအတွင်းရှိ ရေနံချက်စက်ရုံများမှ ရေနံထုတ်လုပ်နိုင်မှု၊ ထုတ်လုပ်နေမှုနှင့် အဆင့်မြှင့်တင်ပြုပြင်မွမ်းမံနိုင်မှု အခြေအနေများ၊ ကုန်ကြမ်းရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမြန်ဆုံး အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံပြန်လည်

လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်သည့် လုပ်ငန်းစဉ်များနှင့် အခြားဖြည့်ဆည်းပေးရန်လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး ပြည်တွင်းစွမ်းအင်လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းပါကကုန်ကျမည့် ကုန်ကျစရိတ်နှင့် ပြည်တွင်းရှိ စက်ရုံများကို စွမ်းအားပြည့် ပြန်လည်လည်ပတ်ပြီး ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ထုတ်လုပ်ပါက ကုန်ကျနိုင်မည့် ကုန်ကျစရိတ်တို့ကို တွက်ချက်စဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ကို မူလအခြေအနေအတိုင်း ပြန်လည်လည်ပတ် ထုတ်လုပ်နိုင်ရေးကို ကနဦးဆောင်ရွက်သွားရန်လိုပြီး နောက်ပိုင်း အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ပြီး အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် အမြန်ဆုံးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၁၈ - ၁၂ - ၂၀၂၃ )





တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် **တပ်မတော်ဆေးတက္ကသိုလ်ကို “တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိများ မွေးထုတ်ပေးရန်” ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်နှင့်တပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ပေးအပ်လာသည့် တာဝန်များကို ကျရာကဏ္ဍအလိုက် အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။ အကောင်အထည်ဖော်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့်

နိုင်ငံတော်ကို ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”**ကို အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် အမယ်စုံလင်သောစားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းသည် တိုင်းပြည်စီးပွားရေးကိုမြှင့်တင်ခြင်းဖြစ်သကဲ့သို့ စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကို များစွာအထောက်အကူပြုနိုင်မည်ပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေဧရိယာကျယ်ပြန့်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတု သမမျှတခြင်းတို့ ရှိသည့်အတွက် အခြေခံအားဖြင့် စားနပ်ရိက္ခာ ဖူလုံလုံခြုံမှုရှိသည်ဟု ဆိုနိုင်သော်လည်း နိုင်ငံသားတစ်ဦးချင်းစီ အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် အစားအစာများကို သင့်တင့်မျှတအောင် ရွေးချယ်စားသုံးနိုင်မှု အလေ့အထ အားနည်းသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ တာဝန်ကျရာဒေသအသီးသီးကို သွားရောက်တာဝန်ထမ်းဆောင်သည့်အခါ စားသောက်နေထိုင်မှုပုံစံကို ကျန်းမာရေးနှင့်ညီညွတ်မျှတအောင် အသိပညာပေးခြင်း၊ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၂၃ ခုနှစ်၊ မိုခါဆိုင်ကလုန်းမုန်တိုင်း တွေ့ကြုံချိန်တွင် ကြိုတင်ပြင်ဆင်မှုများ အားကောင်းခဲ့သဖြင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးခဲ့သည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ချိန်ကစပြီး ပြန်လည်ထူထောင်ရေးလုပ်သည့်အချိန်ထိ မုန်တိုင်းဒဏ်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် ရောဂါကာကွယ်နှိမ်နင်းရေး ဆေးအဖွဲ့ငါးဖွဲ့ဖြင့် မုန်တိုင်းဒဏ်ဘေးသင့်ဒေသများတွင် သဘာဝဘေးအလွန် ကူးစက်ရောဂါများဖြစ်ပွားခြင်း မရှိအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာတိုင်း မိမိတို့ တပ်မတော်သည် ကူညီဆောင်ရွက်ပေးရန် အမြဲအသင့်ရှိနေသောကြောင့် မိုခါမုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများ

**တပ်မတော်ဆေးဝန်ထမ်း**

**တပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် နိုင်ငံအဝန်း လိုက်လံကုသပေးလျက်ရှိ၊ ၂၀၂၃ ခုနှစ်အတွင်း နယ်လှည့်ဆေးကုသရေးယာဉ်များနှင့် ကျေးလက်နေ ပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပင်လယ်သွားဆေးရုံရေယာဉ်၊ မြစ်တွင်းသွားဆေးရုံရေယာဉ်တို့ဖြင့် ဒေသခံပြည်သူလူထု စုစုပေါင်း ကိုးသိန်းကျော်ကို သွားရောဂါ၊ မျက်စိရောဂါ အပါအဝင် ကလေးရောဂါ၊ ခွဲစိတ်ကုသမှု ရောဂါနှင့် ဆေးကုသမှုဆိုင်ရာရောဂါများကို ကုသဆောင်ရွက်ပေးနိုင်ခဲ့၊ ထိုကဲ့သို့ နိုင်ငံအဝန်း ကျေးလက်ဒေသများအထိ သွားရောက်ပြီး ရောဂါဝေဒနာ ခံစားနေရသည့် ပြည်သူများကို လိုအပ်သည့် စမ်းသပ်ကုသမှုနှင့် ခွဲစိတ်ကုသမှုများကို အခမဲ့ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို မိမိတို့တပ်မတော်အနေဖြင့် စေတနာမေတ္တာ အမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်။**

**ကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တိုင်းတွင် ဆေးမှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့ များသည် ရှေ့တန်းမှ တက်တက်ကြွကြွပါဝင်ခဲ့သည်ကို တွေ့မြင်ရမည်ပင်ဖြစ်**ကြောင်း။

**ကျန်းမာရေးကဏ္ဍကို အလေးထားမြှင့်တင်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်ဦးတည်ချက် (၉) ရပ်အနက် လူမှုရေးဦးတည်ချက် ဒုတိယအချက်မှာ **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ ကျန်းမာစွာ အသက်ရှင်နေထိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် နိုင်ငံအဝန်း လိုက်လံကုသပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း နယ်လှည့်ဆေးကုသရေးယာဉ်များနှင့် ကျေးလက်နေပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပင်လယ်သွားဆေးရုံရေယာဉ်၊ မြစ်တွင်းသွားဆေးရုံရေယာဉ်တို့ဖြင့် ဒေသခံပြည်သူလူထု စုစုပေါင်း ကိုးသိန်းကျော်ကို သွားရောဂါ၊ မျက်စိရောဂါအပါအဝင် ကလေးရောဂါ၊ ခွဲစိတ်ကုသမှုရောဂါနှင့် ဆေးကုသမှုဆိုင်ရာရောဂါများကို ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကဲ့သို့ နိုင်ငံအဝန်းကျေးလက်ဒေသများအထိသွားရောက်ပြီး ရောဂါဝေဒနာခံစားနေရသည့် ပြည်သူများကို လိုအပ်သည့်စမ်းသပ်ကုသမှုနှင့် ခွဲစိတ်ကုသမှုများကို အခမဲ့ဆောင်ရွက်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို မိမိတို့တပ်မတော်အနေဖြင့် စေတနာမေတ္တာအမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ယနေ့ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေရေးအတွက် ပြည်ပနိုင်ငံအချို့၏ထောက်ပံ့မှုများနှင့် အစွန်းရောက်ပြည်ပြေးနိုင်ငံရေးသမားများက ငြိမ်းချမ်းရေးကို မလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် ပူးပေါင်းပြီး အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်သည့်နေရာတွင် ဆင်ခြင်တုံတရားမဲ့စွာ စစ်ဘက်နှင့်မသက်ဆိုင်သည့် ကျန်းမာရေးကဏ္ဍကိုလည်း ရည်ရွယ်ချက်ရှိရှိ ဦးတည်တိုက်ခိုက်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်က ဥပဒေအရ အကြမ်းဖက်အဖွဲ့ အစည်းအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုယန္တရားလည်ပတ်မှု ရပ်တန့်သွားစေရေးအတွက် ဆရာဝန်၊ သူနာပြုများအပါအဝင် ကျန်းမာရေးဝန်ထမ်းများကို CDM ပြုလုပ်လာအောင် သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေးအကျပ်ကိုင်ခြိမ်းခြောက်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း၊ အချို့သော ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုက်နာကျင့်ကြံရမည့် ကတိသစ္စာကို ဖောက်ဖျက်ခဲ့ကြသဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့တပ်မတော်သား ပါရဂူ၊ ဆရာဝန်နှင့် သူနာပြုများက ဝင်ရောက်တာဝန် ထမ်းဆောင်ပေးခဲ့ရကြောင်း။

ထို့အပြင် အကြမ်းဖက်သမားများသည် မိဘပြည်သူ တစ်ရပ်လုံး၏ ကျန်းမာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့်လုပ်ရပ်များဖြစ်သော ဆေးရုံ၊ ဆေးပေးခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ကြသည့်အပြင် ဆရာဝန်၊ သူနာပြုနှင့်ကျန်းမာရေးဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ ဖိအားပေးအနိုင်ကျင့်ခြင်းများ၊ အကြမ်းဖက်သတ်ဖြတ်ခြင်းများကိုလုပ်ဆောင်ခဲ့ကြကြောင်း၊ ယင်းလုပ်ရပ်များသည် အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များဖြစ်သည့်အတွက် မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံနိုင်သကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း လက်မခံနိုင်သည့် လုပ်ရပ်များဖြစ်ကြောင်း။

**မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်**

မိဘပြည်သူများ၏ ကျန်းမာရေးကဏ္ဍအပေါ် ဦးတည်ချက်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ လူသားအရင်းအမြစ် စွမ်းအားပြိုလဲအောင် တိုက်ခိုက်

ခြင်းဖြစ်သကဲ့သို့ အပြစ်မဲ့ပြည်သူလူထုကိုဦးတည်ပြီး သစ္စာမဲ့စွာ အကြမ်းဖက်တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း၊ **အကြမ်းဖက်အဖွဲ့အစည်းများ၏ ကျန်းမာရေးဝန်ထမ်းများအပေါ် ပြုလုပ်ခဲ့သည့် ဆိုးရွားသည့်ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူသိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်သည့်အခါ တပ်မတော်သားဆရာဝန် စစ်သည်တော်ကောင်းများပီပီ မိမိတတ်ကျွမ်းသည့် ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊ နိုင်ငံရေးအသိမှန်များဖြင့် မိဘပြည်သူများကို ကာကွယ်စောင့်ရှောက်သွားကြရန်** မှာကြားလိုကြောင်း။

ရောဂါကုသမှုများအတွက် တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ပေးခဲ့ရာတွင် ကျောက်ကပ် အစားထိုးကုသနိုင်သည့် ဆေးရုံလေးခု၊ အသည်းအစားထိုးကုသနိုင်သည့် ဆေးရုံတစ်ခု၊ နှလုံးရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသနိုင်သည့်ဆေးရုံ လေးခု၊ နှလုံးခွဲစိတ်ကုသနိုင်သည့် ဆေးရုံနှစ်ခု၊ အစာအိမ်အူလမ်းကြောင်းကို မှန်ပြောင်းဖြင့် ခွဲစိတ်ကုသနိုင်သည့် ဆေးရုံငါးခုအထိ ရှိလာပြီဖြစ်ကြောင်း။

ထိုကဲ့သို့ တပ်မတော်ဆေးရုံများကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်း ထိန်းညှိစက်ထည့်ခြင်း၊ နှလုံးသွေးကြော Stent ထည့်ကုသခြင်း၊ ဦးနှောက်နှင့် ရင်ခေါင်း ခွဲစိတ်ကုသခြင်းများကို တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက အရပ်သားပြည်သူများကိုပါ အောင်မြင်စွာကုသပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးမှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရမည်ဖြစ်ကြောင်း။

ထို့အပြင် တပ်မတော်သား ဆရာဝန်များဖြစ်သကဲ့သို့ စစ်ဘက်ခေါင်းဆောင်ယ်များလည်းဖြစ်သည့်အတွက် မိမိကိုယ်ကို ခေါင်းဆောင်မှုအရည်အချင်းနှင့်ပြည့်စုံနေအောင်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သည့်ခေါင်းဆောင်မှုပေးပြီး မိမိတပ်ဖွဲ့ဝင်များနှင့်အတူ ပေးအပ်လာသည့် ရည်မှန်း ချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြရမည်၊ ရဲစွမ်းသတ္တိနှင့်ပြည့်ဝသည့် တပ်မတော်သား ခေါင်းဆောင်ယ်ကောင်းများ ဖြစ်ရန်လိုသကဲ့သို့ ဆရာဝန်ဖြစ်သည့်အလျောက် မြင့်မြတ်သည့်စိတ်ထား ကူညီရိုင်းပင်းသည့်နှလုံးရည်နှင့်ပြည့်ဝရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့်ပြောရမည်ဆိုပါက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် **“ပညာပြည့်ဝ၊ နှလုံးလှ”** အောင် မိမိကိုယ်ကို အမြဲလေ့ကျင့် တည်ဆောက်သွားကြရန် လိုအပ်သကဲ့သို့ ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းများကိုလည်း **“သမားဇာနည်အောင်စစ်သည်”** ဟူသည့်အတိုင်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဟု အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

မိဘပြည်သူများ၏ ကျန်းမာရေးကဏ္ဍအပေါ် ဦးတည်ချက်ထား
တိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ လူသား
အရင်းအမြစ် စွမ်းအားပြိုလဲအောင်
တိုက်ခိုက်ခြင်းဖြစ်သကဲ့သို့ အပြစ်မဲ့
ပြည်သူလူထုကိုဦးတည်ပြီး သစ္စာမဲ့စွာ
အကြမ်းဖက်တိုက်ခိုက်ခြင်းပင်ဖြစ်၊
အကြမ်းဖက်အဖွဲ့အစည်းများ၏
ကျန်းမာရေးဝန်ထမ်းများအပေါ်
ပြုလုပ်ခဲ့သည့် ဆိုးရွားသည့်ဖြစ်စဉ်
ဖြစ်ရပ်များကို သင်ခန်းစာယူ
သိရှိနားလည်ပြီး လက်တွေ့နယ်ပယ်တွင်
တာဝန်ထမ်းဆောင်သည့်အခါ
တပ်မတော်သားဆရာဝန် စစ်သည်တော်
ကောင်းများပီပီ မိမိတတ်ကျွမ်းသည့်
ဆေးပညာဖြင့်သာမက လုံခြုံရေးသတိ၊
နိုင်ငံရေးအသိမှန်များဖြင့်
မိဘပြည်သူများကို ကာကွယ်
စောင့်ရှောက်သွားကြရန်။

**အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်**

**သမားဇာနည်များ မွေးဖွားပေးရာဖြစ်သည့်တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သော ဆေးသိပ္ပံပညာရပ်နှင့် တိုင်းရင်းသားပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာမျှဝေပေးမှု၊ ဆေးကုသမှုလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချဆောင်ရွက်**သွားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသုတေသနပြုပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်တတ်မြောက်သည့် ဆေးပညာရှင်ဆရာဝန် အရာရှိကောင်းများဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်၊ တာဝန်ကျရာတပ်၊ ဒေသအသီးသီးတွင် တာဝန်ကျေပွန်ပြီး မိမိတို့တတ်ကျွမ်းသည့် ဆေးပညာနှင့် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအပြင် နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် **တပ်မတော်သားခေါင်းဆောင်ငယ် ဆရာဝန်ဆေးမှူးများဖြစ်သဖြင့် မြင့်မြတ်သည့်စိတ်ထား၊ ကူညီရိုင်းပင်းသည့်နှလုံးရည်၊ ကြံ့ခိုင်သည့် ရဲစွမ်းသတ္တိများ ပြည့်စုံပြီး နိုင်ငံတော်နှင့်တပ်မတော်က ယုံကြည်အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်**သွားကြရန် မှာကြားသည်။

■ ■ ■

# (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၀ - ၁၂ - ၂၀၂၃ )




(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ(၂၀)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စာပေအနုပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ သာမဏေများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မိမိတို့နိုင်ငံ၏ အထွတ်အမြတ်ဖြစ်သည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ လွတ်လပ်ရေးရရှိအောင် ကြံစည်ကြိုးပမ်းအားထုတ်ခဲ့ကြသည့် မိမိတို့၏ ဘိုးဘွားမိဘများကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့်အထိမ်းအမှတ် အခမ်းအနားကြီးဖြစ်သဖြင့် အင်မတန်ကျက်သရေမင်္ဂလာရှိသည့် အခမ်းအနားကြီးတစ်ခု ဖြစ်သည်ကို ဂုဏ်ယူပြောကြားလိုပါကြောင်း။

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံ၏သမိုင်းဖြစ်ရပ်မှန်များကို ဆန်းစစ်လိုက်ပါက နယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာသည့်အကြံအစည်များ၊ ခြေလှမ်းများကို သတိထားသိမြင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့အင်အားမတောင့်တင်းပါက၊ တစ်နည်းအားဖြင့် တိုင်းရင်းသား

စည်းလုံးညီညွတ်မှု မခိုင်မာပါက အချုပ်အခြာအာဏာ ဆိုသည်မှာ အချိန်တိုတိုအတွင်း၌ပင် လက်လွတ်ဆုံးရှုံး ရနိုင်သည်ဆိုသော ကြီးမားသည့်သင်ခန်းစာများကို မိမိတို့ အားလုံး ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်ကြည့်မည်ဆို ပါက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံးသည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ အေးတူပူအမျှ အတူတကွ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါကြောင်း၊ ၁၉ ရာစု အတွင်း၌ နယ်ချဲ့ကိုလိုနီနိုင်ငံကြီးများ၏ လောဘဇော တိုက်ပြီး အပြိုင်အဆိုင်ကျူးကျော်ရန်ပြုခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံငယ်များသည် နယ်ချဲ့တို့၏ ကျွန်ပြုခံခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

မိမိတို့၏ဘိုးဘွားမိဘများသည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးညစ်ယုတ်မာမှုများ၊ သွေးခွဲသပ်လျှိုအုပ်ချုပ်မှုများ ကြားက တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ပြည်ထောင်စု စိတ်ဓာတ်ကို အရင်းတည်ပြီး ပြန်လည်လွတ်မြောက် အောင် အသက်သွေးချွေးများပေးဆပ်ရယူပေးခဲ့သည်မှာ (၇၆) နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်မည် ဆိုပါက နိုင်ငံတိုင်းနီးပါးသည် မိမိတို့၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟုခေါ်သည့် လူမှုအရင်းများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းများကို အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြပြီး မျိုးဆက်သစ် လူငယ်များကို ပိုမိုပြုစု ပျိုးထောင်လာကြ သည်ကို တွေ့မြင်ရမည်ဖြစ်။ ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေ အနုပညာပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေ ဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာ အနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်များ လူသားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှု တစ်ခုဟု ပြောရမည်ဖြစ်။

ယခုအချိန်တွင် ကိုလိုနီဘဝနယ်ချဲ့တို့၏ သွေးခွဲ သပ်လျှိုအုပ်ချုပ်မှု၏ အကျိုးဆက်သည် တိုင်းရင်းသား များကြားတွင် ယနေ့အချိန်ထိ ကျန်ရှိနေဆဲဖြစ်သည်ကို မိမိတို့အားလုံး သတိပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ပြိုကွဲပျက်စီးမှု မဖြစ်စေရေး ဝိုင်းဝန်းကာကွယ် ဆောင်ရွက်ပေးကြရန်နှင့် ခေတ်သစ်ကိုလိုနီဝါဒ၏ လုပ်နည်းလုပ်ဟန်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အသိတရား၊ သတိတရား လက်ကိုင်ထားပေးကြရန် အတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာပေးကြရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင်ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ပကတိအရှိတရားအရဖြစ်စေ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အလို အပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင်ဖြစ် ပါကြောင်း။

စစ်အေးခေတ် နှောင်းပိုင်းကာလများတွင် အင်အား ကြီးသည့် နိုင်ငံကြီးများသည် အင်အားနည်းသည့်နိုင်ငံ ငယ်များအပေါ် ထိန်းချုပ်ခြယ်လှယ်နိုင်စေရန် သို့မဟုတ် သြဇာလွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု ကဏ္ဍများကို မဟာဗျူဟာကျသည့် နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

**လိုသလိုပုံဖော် ဖိအားပေး**

အထူးသဖြင့် အင်အားကြီးနိုင်ငံတချို့သည် ဖွံ့ဖြိုးဆဲ နိုင်ငံများကို ၎င်းတို့၏ သြဇာခံပုဆိန်ရိုးများ၊ ကြိုးဆွဲခံ ရုပ်သေးရုပ်များနှင့် ထိုးဖောက်ဝင်ရောက်ပြီး လူမျိုးရေး၊ ဘာသာရေးမှိုင်းတိုက်ကာ မီးမွှေးဆောင်ရွက်နေမှုများ၊ မတည်မငြိမ် ကမောက်ကမဖြစ်အောင် လုပ်ကြံဖန်တီးမှု မျိုးစုံနှင့် သွေးထိုးမြှောက်ပင့်ပေးနေကြပါကြောင်း၊ လူ့ အခွင့်အရေး၊ ဒီမိုကရေစီရေး ဆိုသည့်စကားလုံးများကို ရောင်းကုန်ပစ္စည်းကဲ့သို့ သဘောထားပြီး လိုသလို ပုံဖော်

ဖိအားပေးအကျပ်ကိုင်မှုများနှင့် နည်းလမ်းပေါင်းစုံ၊ အကြံအစည်ပေါင်းစုံ အသုံးပြုပြီး ၎င်းတို့၏ ဩဇာလောင်းရိပ်အောက် သွတ်သွင်းရန် ကြိုးစားနေကြပါကြောင်း။

ယခုကဲ့သို့အခြေအနေတွင် မိမိတို့ကဲ့သို့ နိုင်ငံငယ်များအနေဖြင့် မိမိတို့၏ နိုင်ငံတော်ကို စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ်နိုင်စွမ်းမရှိပါက ဖရိုဖရဲပြိုကွဲသွားနိုင်သကဲ့သို့ ၎င်းတို့အလိုကျ လိုသလို ပုံသွင်းလွှမ်းမိုးချုပ်ကိုင်မှုများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ၎င်းတို့လက်အောက်ခံ၊ ဩဇာခံဖြစ်သွားနိုင်သည်ကိုလည်း အလေးအနက်သတိပြုကြရန် သတိပေး မှာကြားလိုပါကြောင်း။

**လွှန်စွာအန္တရာယ်ကြီးမား**

ထို့ပြင် ယနေ့အချိန်တွင် အချင်းချင်း စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို လျစ်လျူရှုပြီး သံသယများ၊ ကိုယ်ကျိုးအတ္တများ၊ လွဲမှားသည့် အယူအဆများ လုပ်ဆောင်နေကြမည်ဆိုပါက နိုင်ငံအတွက် လွန်စွာအန္တရာယ်ကြီးမားပါကြောင်း၊ မိမိတို့အားလုံးက မှန်ကန်သည့်အသိ၊ မှန်ကန်သည့်သတိတရားများနှင့် နိုင်ငံ့အကျိုး၊ လူမျိုးအကျိုးကိုသယ်ပိုးပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့်အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြခြင်းဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်မည်ဆိုပါက နိုင်ငံတိုင်းနီးပါးသည် မိမိတို့၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် Social Capital ဟုခေါ်သည့် လူမှုအရင်းများ၊ Intellectual Capital ဟုခေါ်သည့် ဉာဏအရင်းများကို အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံကြပြီး မျိုးဆက်သစ်လူငယ်များကို ပိုမိုပြုစုပျိုးထောင်လာကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မဖြစ်မနေဆောင်ရွက်ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် လွန်စွာတန်ဖိုးရှိလှသည့် လူငယ်များလူသားအရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဟု ပြောရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် မကြာခဏပြောကြားနေသည့် အကြောင်းအရာတစ်ခုကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ တိုင်းပြည်တစ်ခု တိုးတက်ဖွံ့ဖြိုးခြင်း၏ အခြေခံသည် ပညာတတ်လူ့အရင်းအမြစ်များ ပေါကြွယ်ဝခြင်းပင်ဖြစ်ပါကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်

> နိုင်ငံတော်အစိုးရအနေဖြင့်
> လူငယ်များကို အရည်အချင်း ပြည့်ဝသည့်
> နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်
> အတွက် လူငယ်ရေးရာမူဝါဒများကို
> ခေတ်ကာလနှင့်ကိုက်ညီအောင်
> ပြင်ဆင်ချမှတ်ဆောင်ရွက်လျက်ရှိ၊
> လူငယ်ရေးရာ အသိပညာပေး
> ဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊
> လူငယ်နှင့် စာပေအနုပညာပြပွဲများ၊
> ကျောင်းသားအားကစားပြိုင်ပွဲများ၊
> နွေရာသီအားကစားသင်တန်းများ၊
> အာဆီယံနှင့် ဒေသတွင်းလူငယ်ဆိုင်ရာ
> နိုင်ငံတကာ အစည်းအဝေးပွဲများနှင့်
> ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ဆွေးနွေး
> ပြသယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်ပေး
> နေသည့်အတွက် လူငယ်များ၏
> အသိပညာနှင့် အတွေးအမြင်များ
> ပိုမိုဆန်းသစ်တိုးတက်လာစေခဲ့။

ဟု မိမိအနေဖြင့် ယုံကြည်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရန်လိုသည်ကို မကြာခဏ တွန်းအားပေးပြောကြားခဲ့ပါကြောင်း။

**နိုင်ငံတော်၏ အနာဂတ်များဖြစ်**

အားလုံးသိကြသည့်အတိုင်း လူငယ်ဆိုသည်မှာ လူ့ဘောင်အဖွဲ့အစည်းတစ်ခုတွင် အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ခေတ်စနစ်များကို မည်သို့ပင်ဖြတ်သန်းကြရသည်ဖြစ်စေ၊ လူငယ်မျိုးဆက်များသည် အတွေးအခေါ်ပိုင်း၊ အတွေ့အကြုံပိုင်း၊ အရည်အသွေးနှင့် ကိုယ်စွမ်းကိုယ်စပိုင်းများတွင် ထူးချွန်ထက်မြက်နေရန် လိုအပ်နေမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်နိုင်ရန်လည်း လူငယ်များ၏ ကြိုးစားအားထုတ်မှု အခွင့်အလမ်းနှင့် စွမ်းရည်မြှင့်တင်ရေးပိုင်းများကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ်တည်ရှိနေအောင်ဝိုင်းဝန်းကူညီပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်စွမ်းအားစုတစ်ရပ်လုံးကို နိုင်ငံတော်၏အနာဂတ်များဖြစ်သည်ဟု ယုံကြည်တန်ဖိုးထားသည့်အတွက် လူငယ်ရေးရာ မူဝါဒများ၊ လူငယ်ဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ အကြောင်းကြောင်းကြောင့် လမ်းမှားရောက်ပြီး အနာဂတ်ပျောက်ဆုံးနေသည့် လူငယ်လူရွယ်များကိုလည်း မိဘနှင့်သားသမီးကဲ့သို့ မေတ္တာထားကာ လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိစေရေး နည်းလမ်းများ ရှာဖွေဖော်ဆောင်ပေးလျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များကို အရည်အချင်း ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် လူငယ်ရေးရာမူဝါဒများကို ခေတ်ကာလနှင့်ကိုက်ညီအောင် ပြင်ဆင်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်နှင့် စာပေအနုပညာပြပွဲများ၊ ကျောင်းသားအားကစားပြိုင်ပွဲများ၊ နွေရာသီအားကစားသင်တန်းများ၊ အာဆီယံနှင့် ဒေသတွင်းလူငယ်ဆိုင်ရာ နိုင်ငံတကာ အစည်းအဝေးပွဲများနှင့် ပြပွဲပြိုင်ပွဲများတွင် တက်ရောက်ဆွေးနွေးပြသယှဉ်ပြိုင်ခြင်းများကို ဆောင်ရွက်ပေးနေသည့်အတွက် လူငယ်များ၏ အသိပညာနှင့် အတွေးအမြင်များ ပိုမိုဆန်းသစ်တိုးတက်လာစေခဲ့ပါကြောင်း။

**လက်တွဲဆောင်ရွက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ ပါဝင်လာနိုင်စေရန် အခွင့်အရေးပေးပြီး လက်တွဲဆောင်ရွက်ပေးကြရန်၊ လူငယ်များကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ချစ်မြတ်နိုးစေပြီး နိုင်ငံ့တာဝန်ကျေပွန်စေမည့် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်၊ လူငယ်များအနေဖြင့်လည်း အစဉ်လေ့လာသင်ယူမှုများနှင့် အတတ်ပညာ၊ အသိပညာပြည့်စုံပြီး နိုင်ငံ၏ အနာဂတ်အတွက် အားကိုးအားထားပြုနိုင်မည့်သူများဖြစ်အောင် ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားသည်။

■ ■ ■

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း

( ၂၁ - ၁၂ - ၂၀၂၃ )



ဒီနေ့ကျင်းပပြုလုပ်မယ့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့တာ ယခုဆိုရင်(၂၂) ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခု ၂၀၂၃ ခုနှစ်မှာ ကျင်းပတဲ့ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲမှာ မြန်မာ့တိုင်းရင်းဆေးပညာကို ဘက်ပေါင်းစုံ ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ရည်ရွယ်ပြီး အနယ်နယ်အရပ်ရပ်မှ တက်ရောက်လာကြတဲ့ တိုင်းရင်းဆေးသမားတော်ကြီးများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြမယ်လို့ သိရတဲ့အတွက် ဝမ်းမြောက်မိပါ

တယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ နှစ်ပေါင်းထောင်ချီ ရှည်လျားခဲ့တဲ့ သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အခြေခိုင်မာစွာဖြစ်ထွန်းတည်တံ့ခဲ့တဲ့ အမျိုးသားဆေးပညာဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ကျန်းမာအောင် နေထိုင်ခဲ့ကြပါတယ်။ တိုင်းရင်းဆေးဖြင့် အသက်ရှင်ခဲ့ကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခြေခံဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးကိုအခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင်ကုသနိုင်ခဲ့တဲ့ မှတ်တမ်းများကို တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်မှာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များနဲ့ ဆေးကျမ်းများမှာ တွေ့ရှိရပါတယ်။ ဒ့ါအပြင် ရှေးခေတ်တိုင်းရင်းသမားတော်ကြီးများကိုယ်တိုင် ဘုရင်နဲ့တကွ မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာများ၊ သေနာပတိများနဲ့ တိုင်းသူပြည်သားများကိုကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့တဲ့ မှတ်တမ်းများ အထင်အရှားတွေ့ရှိနိုင်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသများမှာ နေထိုင်ကြပြီး ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများမှာ ယနေ့ထိတိုင် ရိုးရာတိုင်းရင်းဆေးဝါးများကို ယုံကြည်အားထားပြီး သုံးစွဲလျက်ရှိနေကြတာကို တွေ့ရှိရပါတယ်။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အနေနဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါကြောင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အမျိုးသားဆေးပညာဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်မှုပေးနိုင်ဖို့အတွက် နိုင်ငံတစ်ဝန်း တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ခေတ်မီဆေးသိပ္ပံပညာများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ သဘာဝဆေးဝါးများကို တွင်ကျယ်စွာ အသုံးပြုလာကြတာကို တွေ့ရပါတယ်။ “အစာလည်းဆေး၊ ဆေးလည်းအစာ”ဟူတဲ့ သဘောတရားနဲ့အညီ နေ့စဉ်နေထိုင်မှုလူမှုဘဝမှာလည်း မြန်မာ့တိုင်းရင်းဆေးပညာ အခြေခံသဘောတရားဖြစ်တဲ့ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် ရသာခြောက်ပါးကို ညီညွတ်မျှတစွာ စားသုံးပေး ခြင်းဖြင့် သက်ရှည်ကျန်းမာစွာနေထိုင်နိုင်တဲ့ နည်းလမ်းကောင်းများရှိနေပါတယ်။ ဒ့ါကြောင့် မြန်မာ့တိုင်းရင်းဆေးပညာကို တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာနည်းစနစ်များအရ နေ့စဉ်မျှတစွာ စားသောက်နေထိုင်ကြစေလိုကြောင်းကို တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်းအသုံးပြုခဲ့ကြတဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ အဆင့်အတန်းပိုမိုမြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများ သင်ယူလေ့လာခြင်း၊ မျှဝေခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း၍ ကမ္ဘာ့အလယ်မှာ မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါတယ်။ နိုင်ငံတော်အနေဖြင့် အဘက်ဘက်ကလိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်၏ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နှစ်စဉ်သုတေသနရန်ပုံငွေများ ထောက်ပံ့ပေးလျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနှင့် အစွမ်းထက်မြက်လှသော မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများ၊ ဆေးနည်းများ၊ ဆေးပင်များကိုအတွေ့အကြုံအခြေပြုဆေးပညာမှသည် အထောက်အထားအခြေပြု ဆေးပညာအဖြစ်သို့ရောက်ရှိအောင် သုတေသနများတိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်းမှာကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေချိန်၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက မြန်မာ့တိုင်းရင်းဆေးကျမ်းလာ ဝိသမအဖျားပျောက်ဆေးကို စနစ်တကျ သုတေသနဆောင်ရွက်၍ ကိုဗစ်-၁၉ ရောဂါလက္ခဏာများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ ကိုဗစ်-၁၉ ရောဂါ ကုသ

ဆေးတစ်လက်ဖော်ထုတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများမှာ ဝိသမအဖျားပျောက်ဆေးဖြင့် ကိုဗစ်-၁၉ ရောဂါသာမက ရာသီတုပ်ကွေးရောဂါကိုပါ ကုသပေးနေတာကို သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရေးနှင့်ပတ်သက်ပြီး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ ဝိသမအဖျားပျောက်ဆေးကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျသုတေသနပြုလုပ်၍ အများပြည်သူ ယုံကြည်အားထားလာအောင် ဆောင်ရွက်ကြရန်နှင့် ဘေးဥပဒ်ကင်းပြီး အရည်အသွေးအာမခံချက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံတကာသို့တင်ပို့နိုင်အောင် မျှော်မှန်းဆောင်ရွက်ကြရန်ကိုလည်း အားပေးတိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးရခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များထဲက အရေးကြီးသော ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိပါတယ်။ ယခု(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများက ပညာရှင်ကိုယ်စားလှယ်များ၊ ကဏ္ဍအလိုက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးကြသူ တိုင်းရင်းဆေးရပ်ဝန်းမှအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ညီလာခံကိုတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခိုက် ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်ပွင့်လင်းစွာဖြင့် ဆွေးနွေးတိုင်ပင်နှီးနှောပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဤဂုဏ်ပြုမိန့်ခွန်းကို ပေးပို့အပ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

■ ■ ■

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၂၂ - ၁၂ - ၂၀၂၃ )





တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ(၂၂)ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင် နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **“နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင်အမျိုးသမီးစစ်မှုထမ်းများပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်းအရာရှိများ အား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်” ဟူသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်** ကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးဦးရေသည် နိုင်ငံ့ လူဦးရေ၏ ထက်ဝက်ကျော်ရှိသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရေးတို့တွင် မျိုးချစ်စိတ်ဖြင့် ပါဝင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထု ပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်

တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေး တို့အတွက် လေ့ကျင့်မွေးထုတ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

**အစဉ်အလာကြီးမားသည့် တပ်မတော်**

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏ အဓိကအင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရပြီး နိုင်ငံ၏သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် တစ်ထပ်တည်း တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လာခဲ့သည့် အစဉ်အလာကြီးမားသည့် တပ်မတော်ဖြစ်သဖြင့် တပ်မတော်၏ သမိုင်းကြောင်းနှင့် အစဉ်အလာများကို သိရှိနားလည်ထားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများမှ လွတ်လပ်ရေးရသည်အထိ ပြည်သူကို ဦးဆောင်လက်တွဲပြီး တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

> **မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လေ့လာကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှစပြီး တွေ့မြင်နိုင်မည်ဖြစ်၊ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်တွင်လည်း များစွာအရေးပါခဲ့သည်ကိုတွေ့ရ၊ ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့။**

တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခေတ်အဆက်ဆက်အစိုးရများနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များ၊ တစ်နည်းအားဖြင့် နိုင်ငံ့အရေးများကို သမိုင်းပေးတာဝန်များအရ အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ရကြောင်း။

တိုင်းပြည်အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသည်ကိုမြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်၏ သမိုင်းကြောင်းနှင့် အစဉ်အလာကောင်းများကို သိရှိအောင် လေ့လာပြီး အသက်ပေးစောင့်ထိန်းသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

**မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လေ့လာကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလများမှစပြီး တွေ့မြင်နိုင်မည်ဖြစ်**ကြောင်း၊ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ခေတ်အဆက်ဆက်တွင်လည်း များစွာအရေးပါခဲ့သည်ကို တွေ့ရကြောင်း၊ ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက်တွင်လည်း အမျိုးသားများနှင့် ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့ကြကြောင်း။

ယနေ့ မျက်မှောက်ကာလတွင်လည်း လူမှုရေး၊ စီးပွားရေးနယ်ပယ်များနှင့် အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာနယ်ပယ်များတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ကြောင်း၊ သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့်စစ်ပညာ၊ ခေါင်းဆောင်မှု ပညာရပ်များနှင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်မှုများကိုအခြေခံပြီး ပေးအပ်လာမည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သားအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မပါဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်ကို ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များနှင့် ဝင်ရောက်လာခဲ့ကြသည့် သူများဖြစ်ပြီး တပ်မတော်မှလည်း အမျိုးသမီးစစ်မှုထမ်း

ကောင်းများဖြစ်စေရန် အဘက်ဘက်က လေ့ကျင့်ပေးလိုက်ပြီးဖြစ်သဖြင့် တာဝန်ထမ်းဆောင်ချိန် အခက်အခဲများနှင့် ကြုံတွေ့ရသည့်အခါ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်သွားကြရန်နှင့် အမျိုးသမီးစစ်မှုထမ်းကောင်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အသိပေးမှာကြားလိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း၊ ကာကွယ်ရေးကဏ္ဍမြှင့်တင်ရန်အတွက် တပ်မတော်ကို သမားရိုးကျ စစ်ပွဲဆင်နွှဲနိုင်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ်ရည်မှန်းချက်ထားဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရန်အတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည်စွမ်းအားရှိသည့်၊ အရည်အချင်းရှိသည့် တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ထိုသို့တည်ဆောက်သည့်နေရာတွင် တပ်မတော်သားအားလုံး၏ ကျန်းမာကြံ့ခိုင်မှု၊ စစ်နည်းဗျူဟာ ကျွမ်းကျင်မှုနှင့် ပညာရည်မြင့်မားစေရေး စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ စစ်နည်းဗျူဟာအတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများသည် နေ့စဉ်နှင့်အမျှ တီထွင်ပြောင်းလဲတိုးတက်နေသည့်အလျောက် လေ့ကျင့်ရေးပိုင်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အရည်အသွေးမြှင့်တင်သွားကြရမည်ပင်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ ပေါ်ပေါက်လာသည့် စစ်လက်နက်၊ စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးချနိုင်ရန်အတွက် လေ့ကျင့်နေကြရမည်ဖြစ်သကဲ့သို့ လက်တွေ့ စစ်မြေပြင်တွင် ရန်သူကို ရင်ဆိုင်တိုက်ပွဲဝင်နိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိနေစေရန်လည်း အမြဲလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း။

**စည်းကမ်းနှင့်အညီ နေထိုင်ပြုမူ**

**စစ်သည်တစ်ဦးချင်းစီ၏ ပြုမူပြောဆိုနေထိုင်မှုများသည် တပ်မတော်၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည့်အတွက် တစ်ဦးချင်းစီက စည်းကမ်းနှင့်အညီ နေထိုင်ပြုမူကျင့်ကြံကြရန်လိုအပ်ကြောင်း၊ အဖွဲ့အစည်းတစ်ခုသည် စည်းကမ်းလိုက်နာမှုနှင့် အကျင့်စာရိတ္တအားနည်းလာပါက ပျက်စီးမှုအမျိုးမျိုးဖြင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် ထုတ်ပြန်ထားသည့်အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းပြီး တပ်မတော်သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်**ကြောင်း။

**အမူအကျင့်ကောင်းများ**

အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ **ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်း တစ်ယောက်၏ အစပင်ဖြစ်**ကြောင်း၊ ခေါင်းဆောင်လုပ်သူသည် ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနှင့် တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိခြင်း၊ ကွပ်ကဲမှုနှင့် ကြီးကြပ်မှုကောင်းခြင်း၊ ဗဟုသုတကြွယ်ဝပြီး လေ့လာလိုစိတ်ရှိခြင်း၊ အကျင့်စာရိတ္တကောင်းခြင်း၊ စိတ်ဓာတ်ကောင်းခြင်း၊ သစ္စာရှိခြင်း၊ စွမ်းရည်သုံးရပ်ပြည့်စုံခြင်း၊ စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ခြင်း စသည့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**“သွားသင့်သည့်နေရာကိုသာ သွားရန်၊ ပေါင်းသင့်သည့်သူကိုသာ ပေါင်းရန်၊ လုပ်သင့်သည့် အလုပ်ကိုသာလုပ်ရန်နှင့် ပြောသင့်သည်ကိုသာ ပြောရန်” ဟူသည့် သင့် ၄ သင့်ကို လိုက်နာကျင့်သုံးပြီး ဘဝတစ်လျှောက် ကိုယ်ကျင့်တရားကောင်းသည့် အရာရှိများဖြစ်အောင် မိမိကိုယ်ကိုစောင့်ထိန်းနေထိုင်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန် ကျရာတာဝန်များ၌ ကျေပွန်စွာထမ်းဆောင်ပြီး ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

**သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်**

မကြာခင်တွင် ပြန်တမ်းဝင်အရာရှိငယ်များအဖြစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့အသီးသီးတွင်

ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရတော့မည် ဖြစ်ပြီး ခေါင်းဆောင်ငယ်များ တတ်မြောက်ကျွမ်းကျင်ရမည့် အခြေခံစစ်ပညာများ၊ ခေါင်းဆောင်မှုနှင့် ကွပ်ကဲမှု ပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ **မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ရမည့် တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာနချုပ်များတွင် နေ့စဉ်လုပ်ဆောင်နေကြရသည့် အုပ်ချုပ်မှု လုပ်ငန်း တာဝန်များ ရှိပြီး ယင်းတာဝန်များကို ထမ်းဆောင်ရာတွင် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ရုံးလုပ်ငန်းများကို ဦးစီးတာဝန်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်**ကြောင်း။

တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သောကြောင့် မည်သည့် အခက်အခဲ၊ အတားအဆီးမျိုးကိုမဆို ပြည်သူနှင့်လက်တွဲပြီး တွန်းလှန်ကျော်ဖြတ်ကြရမည်ဖြစ်သကဲ့သို့ ပြည်သူက အားကိုးရသည့် တပ်မတော်ဖြစ်အောင်လည်း အမြဲကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ **တပ်မတော် အနေဖြင့် သမိုင်းကြောင်းလိုအပ်ချက်အရ ယနေ့အချိန် အထိ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ "အမျိုးသားနိုင်ငံရေး" ဟူသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့် ပြည်သူ အပေါင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းစသည့် လောကီ ကောင်းကျိုး၊ သုခအဖြာဖြာကို ဖော်ဆောင်ပေးသည့် လုပ်ငန်းများဖြစ်သည်ကို** ပြောကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည် ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေး စနစ်နှင့် သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူ လူထု အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက် ရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း**

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်သည့် စိတ်များနှင့် တပ်မတော်၏ ကောင်းမြတ်သည့် အလေ့အကျင့်၊ အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း၊ သမိုင်းကြောင်းနှင့် ယှဉ်တွဲလျက်ရှိသည့် တပ်မတော်၏ မွန်မြတ်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း သွားကြရန်၊ မိမိတို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ

> မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံပြီး မွန်မြတ်သည့် စိတ်များနှင့် တပ်မတော်၏ ကောင်းမြတ်သည့် အလေ့အကျင့်၊ အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသွားကြရန် မှာကြားလို၊ သမိုင်းကြောင်းနှင့် ယှဉ်တွဲလျက်ရှိသည့် တပ်မတော်၏ မွန်မြတ်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်၊ မိမိတို့၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်လုပ်ကိုင်ပြီး အမျိုးသမီးစစ်မှုထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက် သွားကြရန်၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာနှင့်စိတ်ပိုင်းဆိုင်ရာ အမြဲကျန်းမာကြံ့ခိုင်နေအောင် စဉ်ဆက်မပြတ် လေ့ကျင့်သွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး မိမိကိုယ်တိုင်နှင့် မိမိရဲဘော်ရဲဘက်များ ကောင်းကျိုးအတွက် အမြဲရှေးရှုလုပ်ကိုင်သွားကြရန်။

မထိခိုက်အောင် နေထိုင်လုပ်ကိုင်ပြီး အမျိုးသမီး စစ်မှုထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ အမြဲကျန်းမာကြံ့ခိုင်နေအောင် စဉ်ဆက်မပြတ် လေ့ကျင့်သွားကြရန်၊ **ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး မိမိကိုယ်တိုင်နှင့် မိမိရဲဘော်ရဲဘက်များ ကောင်းကျိုးအတွက် အမြဲရှေးရှုလုပ်ကိုင်သွားကြရန်၊** ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သည့်သူများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်သွားကြရန်၊ **နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်လာရေး အမြဲကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း ပြောကြားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကျောင်း ဌာနချုပ် ညှိခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းယုယုနိုင်၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းကြည်ဗဟိုစိမ့်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ရွှေရည်ဝင်းနှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းရွှေဝတ်မှုန်ဦးတို့ကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်း**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် ကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းများ အနေဖြင့် ဗိုလ်လောင်းသင်တန်း မတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့် အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ အခြေခံပညာအဆင့်၌ ပို့ချသင်ကြားခြင်း (Teaching) ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့်တက္ကသိုလ်၌ သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း (Studying) ကို အဓိကထားဆောင်ရွက်ကြကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်းသင်တန်းတက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

**ကြိုးစားအားထုတ်သွားရမည်**

ထို့ပြင် ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းပေးခဲ့သည့် မိဘများ၏ ကျေးဇူးကိုမမေ့ရန်နှင့် အကောင်းဆုံးကျေးဇူးဆပ်ခြင်းသည် မိဘများ၏ စကားကိုနားထောင်ခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို ချင့်ချိန်နိုင်စွမ်းဖြင့် မိမိဘဝလမ်းကို တည့်မတ်ထိန်းကျောင်းသွားရမည်ဖြစ်ကြောင်း၊ မိသားစုမှ ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော် အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ တက္ကသိုလ်မှရရှိလာသည့် လူမှုဆက်ဆံရေး အတွေ့အကြုံများ၊ ဗိုလ်သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားအားထုတ်သွားရမည်ဖြစ်ကြောင်းနှင့် မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ပြောကြားသည့် ခရစ္စမတ်နှုတ်ခွန်းဆက်စကား

( ၂၄ - ၁၂ - ၂၀၂၃ )





ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ဒီဇင်ဘာလ(၂၄)ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက်ရှိ စိန့်မိုင်ကယ် ကက်သလစ်ဘုရားကျောင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီနယ်မြေ ခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော်ဒေါက်တာတင်မောင်အေးနှင့်ခရစ်ယာန်ဘာသာ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင်ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် စိန့်မိုင်ကယ် ကက်သလစ်ဘုရားကျောင်းသို့ရောက်ရှိကြရာနေပြည်တော် ကောင်စီနယ်မြေ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာတင်မောင်အေး၊ ဘုန်းတော်ကြီးစိုးလင်းအောင်နှင့် ခရစ်ယာန်ဘာသာ ဘုန်းတော်ကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြီး ခရစ်တော်မွေးနေ့အခမ်းအနားကို အဖွင့်မေတ္တာဖြင့် ဘုန်းတော်ကြီး စိုးလင်းအောင်က ဖွင့်လှစ်ပေးကာ ခရစ်ယာန်ဘာသာဝင် လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းကြသည်။

ယင်းနောက်နေပြည်တော်ကောင်စီနယ်မြေခရစ်ယာန် အသင်းတော်များကောင်စီဥက္ကဋ္ဌသိက္ခာတော်ရဆရာတော် ဒေါက်တာတင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် **ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့နိုင်ငံ့တာဝန်များမအားလပ်သည့်ကြားမှတိုင်းရင်းသား**

**ပြည်သူများကို ချစ်သည့်စိတ်၊ နိုင်ငံတော်အေးချမ်း ငြိမ်သက်စေလိုသည့်ပြင်းပြသော ရည်မှန်းချက်များဖြင့် မိမိတို့ခရစ်ယာန်ဘာသာဝင်များကို အလေးအနက်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်ချီးမြှင့်ပေးသည့်အတွက် မိမိတို့ခရစ်ယာန်ဘာသာဝင်များအနေဖြင့် အထူးကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊** နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အဖွဲ့ဝင်များအားလုံး ခရစ္စမတ်ကာလတွင် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ပြည့်ဝပါစေကြောင်း နှုတ်ခွန်းဆက်စကားပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ခရစ်ယာန်ဘာသာဝင်များအနေဖြင့် ခရစ္စမတ်ပွဲတော်အစီအစဉ်များကို နှစ်စဉ်ဒီဇင်ဘာလတွင် ကျင်းပကြလေ့ရှိကြပါကြောင်း၊ အထူးသဖြင့် နှစ်စဉ်ခရစ္စမတ်နေ့အဖြစ် သတ်မှတ်ထားသည့် ဒီဇင်ဘာ ၂၅ ရက်နေ့ဝန်းကျင်တွင် ကျင်းပကြပြီး လူတစ်ဦးနှင့်တစ်ဦး မေတ္တာ၊ ကရုဏာကို ပြသကာ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းများဖြင့် ကျင်းပကြသည့်အတွက် ယနေ့သည် ခရစ်ယာန် ဘာသာဝင်များ၏ ထူးကဲကြီးမြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်းကိုလည်း ဂုဏ်ပြုပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ **ခရစ္စမတ်ပွဲတော် နေ့ထူးနေ့မြတ် အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များနှင့်အတူ ပါဝင်ဆင်နွှဲရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်များအားလုံးနှင့်တကွ မြန်မာနိုင်ငံသူ နိုင်ငံသားများ အပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံး ခရစ်တော်၏ မေတ္တာတရားနှင့် ငြိမ်းချမ်းသာယာရှိကြပါစေဟု ထပ်လောင်းဆန္ဒပြု မေတ္တာပို့သအပ်**ပါကြောင်း။

ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှုဆောင်ရွက်ခြင်း၏ အနှစ်သာရသည် လူသားမျိုးနွယ်များအပေါ် ဘုရားရှင်၏ ကြီးမားလှသည့် မေတ္တာတရားများ၊ ချစ်ခြင်းတရားများ၊ ကရုဏာတရားများကို မျှဝေပေးခြင်း၊ ပြသပေးခြင်းဖြစ်ပြီး တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ ချစ်ခြင်းတရားများနှင့် ခရစ္စမတ်၏ အနှစ်သာရကို လူသားအားလုံးက တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ လူသားအားလုံး ငြိမ်းချမ်းသာယာဝပြောသည့် လူ့အဖွဲ့အစည်း၊ လူမှုအသိုက်အဝန်းမှသည် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာပေါ်တွင် ကိုးကွယ်မှုဘာသာများစွာရှိပြီး အဓိကဘာသာကြီး လေးခုအဖြစ် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့ကို သတ်မှတ်ထားကြပါကြောင်း၊ **မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ ဘာသာတိုင်းသည် လူသားများအတွက် လောကီအကျိုး၊ လောကုတ္တရာကောင်းကျိုး၊ ငြိမ်းချမ်းမှု၊ မေတ္တာတရား၊ ချစ်ခြင်းတရား၊ ကရုဏာတရားများကိုသာ ညွှန်ပြပေးနေသည်ကို တွေ့ရမည်** ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ် မလွဲမသွေတည်ရှိနေမည်**

တစ်နည်းအားဖြင့် လူသားများ၏ ကိုယ်ကျင့်တရားများနှင့် ယဉ်ကျေးမှုများကို ချမှတ်ပုံဖော်ပေးပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အမုန်းတရားနှင့် ရန်ငြိုးရန်စ အာဃာတများကို စွန့်ပယ်ကြရန်၊ အကြမ်းဖက်ဖျက်ဆီးမှု၊ သတ်ဖြတ်ညှဉ်းဆဲမှု၊ ဒုစရိုက်အစုစုတို့ကို ရှောင်ကြဉ်ကြပြီး လူ့ဘောင်လောကကို ငြိမ်းချမ်းစေရန်၊ သာယာဝပြောစေရန် ဘာသာတရားအသီးသီးက စောင့်ရှောက်ပေးထားပါကြောင်း၊ ဘာသာတရား၏ ညွှန်ပြမှု အဆုံးအမများကို လိုက်နာကျင့်သုံး၊ ကျင့်ကြံကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့အသိုက်အဝန်း၊ ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံအဖြစ် မလွဲမသွေတည်ရှိနေမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံသားအများစုကိုးကွယ်သည့် ဗုဒ္ဓဘာသာသာသနာနှင့်အတူ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာသာသနာတို့အပြင် အခြားဘာသာများကိုလည်း အသိအမှတ်ပြုထားပါကြောင်း၊ ဥပဒေများနှင့် မဆန့်ကျင်ဘဲ တိုင်းရင်းသားလူမျိုးများနှင့် အခြားဘာသာသာသနာများကို ထိခိုက်နစ်နာမှု မရှိပါက မိမိတို့ကိုးကွယ်သည့် ဘာသာသာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပါကြောင်း၊ အသိအမှတ်ပြုထားသည့် ဘာသာသာသနာများကိုလည်း တတ်နိုင်သမျှကူညီစောင့်ရှောက်

မည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အများဆုံးကိုးကွယ်မှုရှိနေသည့် ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားသောဘာသာဝင် များသည် ရှေးနှစ်ပေါင်း ပဝေသဏီကတည်းက အတူတကွ နေထိုင်ခဲ့ကြပါကြောင်း၊ မည်သည့်ဘာသာကိုမျှ ထိခိုက် နစ်နာစေခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ လူမျိုးမရွေး၊ ဘာသာမရွေးအပြန်အလှန် လေးလေးစားစား၊ ညီညီ ညွတ်ညွတ်၊ စည်းစည်းလုံးလုံးဖြင့် နိုင်ငံတော်၏ ကောင်းကျိုးများကို ညီအစ်ကိုမောင်နှမရင်းစိတ်ထားဖြင့် တည်ဆောက်ခဲ့ကြပါကြောင်း၊ ဆက်လက်ပြီး တည်ဆောက် ကြရန် လိုအပ်သကဲ့သို့ ဘာသာရေးကို အလွဲသုံးစားပြုပြီး မိမိတို့နိုင်ငံသားများ အချင်းချင်းအကြားတွင် စည်းလုံး ညီညွတ်မှု ပျက်ပြားစေရန်၊ လေးစားယုံကြည်မှု လျော့ပါး

> **မိမိတို့နိုင်ငံတွင် ချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါ်များရေးတို့ဖြစ်၊ ဘာသာသာသနာ၏ အဓိကအဆုံးအမမှာ "သာယာဝပြောခြင်း" ဖြစ်သည့်အတွက် ငြိမ်းချမ်းခြင်းနှင့်အတူ တိုင်းပြည် သာယာဝပြောရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလို၊ ဘာသာတရား အဆုံးအမများနှင့်အညီ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ခြင်းသည် သာယာဝပြောမှုကို ရစေမည်ဖြစ်၊ စားရေရိက္ခာ ဖူလုံပေါ်များခြင်းသည်လည်း တိုင်းပြည်သာယာဝပြောခြင်းကို တိုက်ရိုက်အထောက် အကူပြုစေမည်ဖြစ်။**

ပြီး မသင့်မြတ်အောင် လုပ်ဆောင်နေမှုများကိုလည်း အစဉ်သတိပြု ကာကွယ်ကြရန် လိုအပ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အနည်းငယ် ပြောကြား လိုပါကြောင်း၊ **ဘာသာတရားတိုင်းသည် ငြိမ်းချမ်းမှုကို အခြေပြုထားခြင်းဖြစ်သည့်အတွက် လူ့အဖွဲ့အစည်း တိုင်းတွင်လည်း ငြိမ်းချမ်းမှုလိုအပ်သည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ငြိမ်းချမ်းရေးတံခါးများ အမြဲဖွင့်လှစ်ထား သကဲ့သို့ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေး အတွက် အမြဲအသင့်ရှိနေပြီး ထာဝစဉ်ဖိတ်ခေါ်ကြိုဆို လျက်ရှိ**ပါကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအရ နိုင်ငံတော်ကိုတာဝန်ယူအုပ်ချုပ်သည့် အစိုးရတိုင်းသည် ငြိမ်းချမ်းရေးအတွက် အလေးအနက်ထား အစဉ်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပါကြောင်း။

မိမိတို့အစိုးရလက်ထက်တွင်လည်း ငြိမ်းချမ်းရေး အတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကြွရောက် လာကြသည့် ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့် ခရစ်ယာန်ဘာသာဝင်များအနေဖြင့်လည်း မိမိတို့နေထိုင် ရာဒေသ၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်ထာဝရငြိမ်းချမ်း ရေးရရှိနိုင်ရေးအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ တတ်နိုင်သမျှနည်းလမ်းများဖြင့် အုတ်တစ်ချပ် သဲတစ် ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပြော ကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် ချမှတ်ထားသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါ်များရေးတို့ ဖြစ်ပါကြောင်း၊ **ဘာသာ သာသနာ၏ အဓိကအဆုံးအမမှာ "သာယာဝပြောခြင်း" ဖြစ်သည့်အတွက် ငြိမ်းချမ်းခြင်းနှင့်အတူ တိုင်းပြည် သာယာဝပြောရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် ထပ်မံတိုက်တွန်းလို**ပါကြောင်း၊ ဘာသာတရားအဆုံးအမများနှင့်အညီ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ခြင်းသည် သာယာဝပြောမှုကို ရစေမည် ဖြစ်ပါကြောင်း၊ စားရေရိက္ခာ ဖူလုံပေါ်များခြင်းသည်လည်း တိုင်းပြည်သာယာဝပြောခြင်းကို တိုက်ရိုက်အထောက် အကူပြုစေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်း ဘာသာပေါင်းစုံ ပြည်သူအားလုံး ဘာသာတရားနှင့်အညီ

ကိုယ်စီ ထိန်းသိမ်း ကြိုးစားလုပ်ဆောင်သွားကြရန် လိုပါကြောင်း။

**ဘာသာတရားအားလုံး ငြိမ်းချမ်းစွာ အတူလက်တွဲနေထိုင်ရေး**

**၂၀၂၃ ခုနှစ်အတွက်ကျင်းပသည့် ခရစ္စမတ်နေ့ထူးနေ့မြတ် အခါသမယမှစ၍ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့ အမြန်ရောက်ရှိနိုင်ရေးနှင့် ဘာသာတရားအားလုံး ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ရေးဟူသည့် ကောင်းမြတ်သော အခွင့်အရေးများကို မိမိတို့နိုင်ငံသားများအားလုံး ရရှိနိုင်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလို**ပါကြောင်း။

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်ကာလသည် ခရစ်တော်မွေးဖွားသည့် ညအခါသမယတွင် ကောင်းကင်တမန်များက သိုးထိန်းနေသည့် သိုးထိန်းများကို ကိုယ်ထင်ရှားပြပြီး **"ရှင်လုကာအခန်းကြီး ၂ အခန်းငယ် ၁၄"တွင် "Peace on Earth and Good will toward men" "မြေကြီးပေါ်တွင်လည်း ငြိမ်သက်ခြင်းရှိစေသတည်း၊ လူတို့အား မေတ္တာ ကရုဏာ ရှိစေသတည်း"**ဟု ပြောကြားသည်ကို ဖော်ပြထားပါကြောင်း။

ဘာသာရေးသည် လူသားများအတွက် စိတ်ဝိညာဉ်ဆိုင်ရာ ယုံကြည်မှု၊ ခိုလှုံမှုဖြစ်သကဲ့သို့ ကြီးမားသည့် အင်အားလည်း ဖြစ်ပါကြောင်း၊ လူသားများကောင်းကျိုးအတွက် လိုအပ်နေသည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ဘာသာရေးအပိုင်းမှ ပါဝင်ဆောင်ရွက်ခြင်းသည်လည်း အကျိုးကျေးဇူးကြီးမားနိုင်သည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အစီအစဉ်ကို ဦးဆောင်ကျင်းပသည့် ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့် ဆရာတော်များ၊ ပြည်ထောင်စုအဆင့်ဌာနဆိုင်ရာလူကြီးမင်းများ၊ တပ်မတော်အရာရှိကြီးများ၊ အထူးဧည့်သည်တော်များနှင့် နိုင်ငံသူနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မေတ္တာတရားပွားများနိုင်ကြပါစေ၊ ပျော်ရွှင်ခြင်း၊ ရွှင်လန်းခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဝမ်းမြောက်ခြင်းနဲ့အတူ ခရစ္စမတ်၏ ကောင်းခြင်းမင်္ဂလာအဖြာဖြာ ခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# (၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

( ၂၅ - ၁၂ - ၂၀၂၃ )




(၄)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ဒီဇင်ဘာလ(၂၅)ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် မဟာ ပဝရ မိပတိ ဟွန်မာနိုက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆရက်ထာ ထာဗီဆင်နှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်မင်ချင်းတို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဦးစွာ ပူးတွဲဥက္ကဋ္ဌများက အဖွင့်အမှာစကားများ ပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံ ခေါင်းဆောင်များက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ်သုံးသပ်ကာ အနာဂတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ၂၀၁၆ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ခုနစ်နှစ်တာကာလအတွင်း အခြေခံအဆင့်ကို ကျော်ဖြတ်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်း တန်ဖိုးရှိသည့် အထူးရန်ပုံငွေ စီမံကိန်း ၁၀၆ ခုရရှိထားပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မဲခေါင်-

လန်ချန်း နိုင်ငံများအား အထောက်အပံ့နှင့် အကူအညီများ ဆက်လက်ပေးအပ်နေမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့အစည်းအဝေး၏ ဆောင်ပုဒ်မှာ **“မဲခေါင်-လန်ချန်း နိုင်ငံများအကြား အားလုံးနှင့်သက်ဆိုင်သော အနာဂတ်နှင့် ခေတ်မီဖွံ့ဖြိုးမှုတည်ဆောက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”** ဖြစ်သည့်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမှုရှိပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးခေတ်မီတိုးတက်လာစေရေးတို့အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အောက်တွင် အချင်းချင်းအပြန်အလှန် အကူအညီပေးသင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် မဲခေါင်-လန်ချန်း ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဆန်းသစ်တီထွင်မှု စင်္ကြံ” ဖော်ဆောင်မှုနှင့် “အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းဆက်နွယ်မှု တိုးမြှင့်ရေးဆိုင်ရာစီမံချက်” ရေးဆွဲမှုများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးအခြေပြု စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားသင့်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာဆောင်ရွက်သွားသင့်ကြောင်း ပြသသည့် သင်ခန်းစာတစ်ရပ်ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့်ကျွမ်းကျင်မှုများ မျှဝေခြင်းနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်သွားသင့်ပါကြောင်း၊ နေပြည်တော်တွင် **“အမျိုးသားကူးစက်ရောဂါကာကွယ်ရေးနှင့် လေ့ကျင့်ရေးစင်တာ”** တည်ဆောက်ရန်အတွက် အကူအညီများ ပေးအပ်ခဲ့သည့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါစင်တာသည် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ပြီးစီးမည်ဖြစ်ပါကြောင်း။

**နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့် ရာဇဝတ်မှုများသည် ဒေသတွင်း လုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါ၊ “မဲခေါင်-လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန”က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းညှိနှိုင်းရေး အခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြု။**

**တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်**

**“မဲခေါင်-လန်ချန်း ခရီးသွားလာရေး မြို့တော်များ တည်ထောင်ခြင်း”၊ “မဲခေါင်-လန်ချန်း လေကြောင်းခရီးသွားလာမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မိတ်ဖက်ထူထောင်ခြင်း”** လုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ၊ အကြမ်းဖက်မှုများ၊ ဆိုက်ဘာရာဇဝတ်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ စသည့်ရာဇဝတ်မှုများသည် ဒေသတွင်း လုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရား

ဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ **“မဲခေါင်–လန်ချန်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန”**က ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းညှိနှိုင်းရေးအခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း အသိအမှတ်ပြုပါကြောင်း။

ပတ်ဝန်းကျင်ထိခိုက်မှုသည် ရာသီဥတုပြောင်းလဲမှုအပေါ်သက်ရောက်မှုရှိပြီး ဂေဟာစနစ်ကို ယိုယွင်းပျက်စီးစေပါကြောင်း၊ သို့ဖြစ်၍ အေးချမ်းသာယာပြီး ကြံ့ကြံ့ခံနိုင်သည့် လူမှုအသိုက်အဝန်း တည်ဆောက်နိုင်ရေးအတွက် ရာသီဥတုဖောက်ပြန်မှုများကို လျှော့ချရန် အတူတကွ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်ကို အလေးထားပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် ပူးတွဲဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ တာဝန်သိအဖွဲ့ဝင်အနေဖြင့်လည်းကောင်း မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အစဉ်တန်ဖိုးထားပြီး မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ မူဝါဒများ၊ စိတ်ဓာတ်များနှင့်အညီ တက်ကြွစွာ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်ကိုကတိကဝတ်ပြုပြောကြားပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၁၅ - ၁၂ - ၂၀၂၃ )

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့ကျရောက်သော (၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မိဘပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့် ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီဇင်ဘာလ (၁၅) ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်တိုင်းရင်းသားအားလုံး၏ နေ့ထူးနေ့မြတ် အခါသမယဖြစ်သော ရခိုင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပ ဆောင်ရွက်ခဲ့ရာ (၄၉) နှစ်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝခြင်း၊ အဖိုးတန်ထွက်ကုန်များ ထုတ်လုပ်နိုင်ခြင်းတို့အပြင် ရှုလျှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် စိမ်းလန်းသာယာသည့် ပတ်ဝန်းကျင်ရှုခင်းများဖြင့် သာယာလှပသောပြည်နယ်တစ်ခု ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော်ထွန်းကားပြန့်ပွားရာဒေသဖြစ်ပြီး **"သဇင်ပန်းခိုင် တစ်မြိုင်မြိုင် ရခိုင်ဘုရားပေါင်း"** ဆိုသည့်စကားအတိုင်း ရှေးဟောင်းစေတီပုထိုးများနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသောပြည်နယ်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသောအရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကိုအဆင့်ဆင့်ချမှတ်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကိုရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါသည်။ **"တိုင်းပြည် သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"** ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး **"စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး"** နှင့် **"ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး"** ကို နိုင်ငံရေးရည်မှန်းချက်အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက်

နိုင်ငံတော်အစိုးရ နှင့်တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများနှင့် တစ်သားတည်းရှိပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **"ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟို ကော်မတီ"** ကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများ အပါအဝင် လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း အင်အားအလွန်ပြင်းထန် သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်ခဲ့၍ ရခိုင် ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပင်လယ် ပြင်တွင် မုန်တိုင်းအစပျိုးဖြစ်စဉ် စတင်ကတည်းကပင် လိုအပ်သည့် စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကာ ရေးဆွဲထားပြီးဖြစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း မုန်တိုင်းဖြတ်သန်းရာဒေသများ၌ ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံ ဆောင်ရွက်ခဲ့ပါသည်။

ဒေသခံပြည်သူများအတွက် ဆန်ရိက္ခာများ ကြိုတင် စုဆောင်းထားပြီး အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရန် အသင့်ပြင်ဆင်ထားခြင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက် သတိပေးခြင်းနှင့် ညွှန်ကြား ချက်များထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မုန်တိုင်းလမ်းကြောင်းတွင်ရှိသည့် ပြည်သူများကို ဘေး လွတ်ရာနေရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခဲ့ခြင်း စသည် တို့ကို စနစ်တကျ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ခဲ့ ပါသည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းနှင့် နှိုင်းယှဉ်ပါက လေတိုက်နှုန်း ပိုမိုပြင်းထန်သော်လည်း သေဆုံးမှု၊ ဆုံးရှုံးမှုများသည် အဆပေါင်းများစွာ လျော့နည်းခဲ့ပါသည်။ မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ တပ်မတော်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှု၊ ပြည်တွင်းပြည်ပနိုင်ငံများမှ စေတနာရှင်များ၏ လှူဒါန်း မှု၊ တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ရာ အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မိမိတို့ ရည်မှန်းထားသည့်အတိုင်း ပိုမိုကောင်းမွန်သော အခြေ အနေတစ်ရပ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ဤသည်မှာ ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသ တိုင်းရင်းသားပြည်သူများအပေါ် တိုင်းရင်းသားညီနောင် အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ် ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့ခြင်း ပင် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် မိုခါမုန်တိုင်းအပြီးတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၈)မြို့နယ်သို့ မျိုးစပါး တင်းရေ (၇၃၀၀၀) ကျော်ကို စိုက်ပျိုးရာသီအမီ ပို့ဆောင် ပေးနိုင်ခဲ့သောကြောင့် ယခုနှစ်တွင် မိုခါမုန်တိုင်းသဘာဝ ဘေးဒဏ်ခံခဲ့ရသော်လည်း မိုးစပါးစိုက်ဧက လျာထား ချက်ထက် ဧက (၃၀၀၀) ကျော် ပိုမိုတိုးတက်စိုက်ပျိုးနိုင် ခဲ့ကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးထုတ်ကုန်များ ကိုလည်း ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ငါး၊ ပုစွန်နှင့် ရေထွက်ကုန်ပစ္စည်းများကို အောင်မြင်အောင် ထုတ်လုပ်ဆောင်ရွက်နိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံ သည့်အပြင် ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ် ပါသည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝ ထွက်ကုန်များ ဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်း များကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင် အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ များ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက KG+9 အထိ မသင်မနေရပညာရေးစနစ်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း အခြေခံပညာတတ်မြောက်မှုနှင့် တန်းစဉ်ကူးပြောင်းမှု များ မြင့်မားတိုးတက်လာရေးနှင့် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက် ကြမည်ဆိုပါက ရခိုင်ပြည်နယ်သည် ဘက်စုံကဏ္ဍမှ ဖွံ့ဖြိုး

တိုးတက်သည့် ပြည်နယ်တစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာ ရှိခဲ့သဖြင့် တပ်မတော်အစိုးရလက်ထက်မှ ယခုအချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိနေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပြည်ပစွက်ဖက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး အဓိပ္ပာယ်မဲ့ပစ်ခတ်တိုက်ခိုက်နှောင့်ယှက်ဖျက်ဆီးမှုများ၊ ပဋိပက္ခများ၏ဆိုးကျိုးကို ဒေသခံတိုင်းရင်းသားများ ကိုယ်တိုင်ခံစားနေကြရပါသည်။

တည်ငြိမ်အေးချမ်းမှု မရှိသမျှကာလပတ်လုံး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှာ အလှမ်းဝေးနေမည်သာဖြစ်ပြီး တစ်ဦးချင်းအခွင့်အရေး၊ အခွင့်အလမ်းများလည်း ဆုံးရှုံးမှုများကြုံတွေ့နေမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားရေးခံယူချက်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ် စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်ရှိပစ္စုပ္ပန်နှင့် နောင်အနာဂတ်အတွက် နိုင်ငံရေးရည်မှန်းချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များကို ချမှတ်ထားပြီးဖြစ်ရာ ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ လျှောက်လှမ်းရာခရီးတွင် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး အေးအတူ၊ ပူအမျှအတူတကွ ယှဉ်တွဲနေထိုင်ကြရင်း အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့်သာ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့်တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့်တိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့သည် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ် ဖြစ်ပါသည်။

ရခိုင်ပြည်သူပြည်သားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ၊ ပြည်နယ်သားများ၏အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုး ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

■ ■ ■